မိတ်ဆွေစာပေ

ဘာမှမဖြစ်သေးခင် ဖြစ်မှာမဟုတ်ဘူးလို့
လက်လျှော့ရပ်တန့်လိုက်ရင်တော့
ခင်ဗျားထင်တဲ့အတိုင်းဖြစ်မှာပါပဲ...

# တစ်မျက်နှာ
# လက်ဆောင်

## လောကဃစ္စာ

စိတ်ဓာတ်ခွန်အားဖြည့်အဆိုအမိန့်စာစုများ

မိတ်ကောင်းဆွေမွန်၊ လမ်းကောင်းညွှန်၍

များလွန်းအကျိုး ရွက်သည်မိုး၏၊

မိတ်ဆွေစာပေ


ဖြန့်ချိရေး

မိတ်ဆွေစာပေ

အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊

ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

ဖုန်း - ၀၉ ၂၅၀၆၆၁၃၀၁၊ ၀၉ ၇၉၉၇၄၇၇၉၃

ပထမအကြိမ် - ၂၀၂၀ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ကျပ်

မျက်နှာဖုံးဒီဇိုင်း - မင်း


ကွန်ပျူတာ - ရလာကသစ္စာ

အတွင်းဖလင် - ADRON

ထုတ်ဝေသူ - ဦးတင်ငွေအောင်
သုံးလောကစာပေ အမှတ် (၂၁) အေး
မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊
အင်းစိန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဓလောကသစ္စာ ၃၉၀.၂
တစ်မျက်နှာလက်ဆောင်
ရန်ကုန်
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၁၉
၂၀၈-စာ၊ ၁၂ × ၁၈ စင်တီ


မိတ်ဆွေစာပေ
ဘာမှမဖြစ်သေးခင် ဖြစ်မှာမဟုတ်ဘူးလို့
လက်လျှော့ရပ်တန့်လိုက်ရင်တော့
ခင်ဗျားထင်တဲ့အတိုင်းဖြစ်မှာပါပဲ...
တစ်မျက်နှာ
လက်ဆောင်
လောကသတ္တာ
စိတ်ဓာတ်ခွန်အားဖြည့်အဆိုအမိန့်စာစုများ

# အတ္တာဟိ
# အတ္တနော
# နာထော

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစကား | ၇ |
| ၂။ | စေတနာစကား | ၁၂ |
| ၃။ | ခေါင်းဆောင်မှု | ၁၃ |
| ၄။ | အခြေခံအုတ်မြစ်များ | ၂၇ |
| ၅။ | အလုပ်လုပ်နိုင်သောစွမ်းအား | ၄၁ |
| ၆။ | သတင်းထုတ်ပြန်ခြင်း | ၄၈ |
| ၇။ | ပေါင်းသင်းဆက်ဆံရေး | ၆၂ |
| ၈။ | အကြံကောင်း ဉာဏ်ကောင်း ရယူခြင်း | ၇၄ |
| ၉။ | သင်ကြားနာယူခြင်း | ၈၆ |
| ၁၀။ | မှတ်သားနိုင်စွမ်း | ၉၈ |
| ၁၁။ | ဆန်းစစ်လေ့လာခြင်း | ၁၁၂ |
| ၁၂။ | စေ့စပ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခြင်း | ၁၂၄ |
| ၁၃။ | ဝန်ဆောင်မှုပေးခြင်း | ၁၃၆ |
| ၁၄။ | အချိန်ကိုအသုံးချခြင်း | ၁၄၈ |
| ၁၅။ | တီထွင်ဖန်တီးနိုင်စွမ်း | ၁၆၂ |
| ၁၆။ | ပြောင်းလဲခြင်း | ၁၇၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ကြိုတင်မျှော်မြင်မှု | ၁၉၁ |
| ၁၈။ | ပြောပြချင်တာက | ၂၀၅ |






# အမှာစကား

ယနေ့ ကမ္ဘာကြီးသည် နည်းပညာတို့၏ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လူသားတို့၏ ကမ္ဘာတွင် "ဗိမ်ခံစရာ" ရုပ်ဝတ္ထုပစ္စည်းများသည် တဖြည်းဖြည်း သိပ်သည်းရှိလာခဲ့ပါသည်။

ကမ္ဘာတစ်ဖက်မှာ ဖျော်ဖြေနေတဲ့ ကမ္ဘာကျော်တွေရဲ့ ရှိုးပွဲတွေ၊ ဘောလုံးပွဲတွေ၊ ဇာက်ရှင်ရှိုးတွေ၊ ထူးဆန်းထွေလာမှုတွေ စသဖြင့် ရုပ်ဝတ္ထုတို့၏ "ရသ" တွေကို ကမ္ဘာတစ်ခြမ်းက လူတွေက အချိန်နဲ့ တပြေးညီ ခံစားလာနိုင်ကြလေပြီ...။

အင်တာနက်ထဲဝင် ကလစ်နှစ်ချက်လောက် တောက်လိုက်တာနဲ့ ကမ္ဘာကြီး ဘာတွေဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့ သိရှိပြီး ဖြစ်ပါတယ်…။

ကဲ… ဟန်မကျဘူးလား…, အဲဒီတော့ ယနေ့ခေတ်လူငယ်တွေဟာလည်း နည်းပညာတွေနဲ့ တစ်သားတည်း ကျနေလေတော့… သူတို့အတွက် အတတ်ပညာတွေက… ဖောင်းပွလာကာ သူတို့မသိသေးတဲ့ အသိပညာအကြောင်းအရာတွေ လေ့လာသင်ယူရဦးမယ် ဗဟုသုတ အကြောင်းအရာတွေဟာ ဘာတွေဖြစ်နေမလဲ…?

ဒီမေးခွန်းကတော့ အတော့်ကို စိတ်ဝင်စားစရာ လိုအပ်ချက်ဖြစ်လာပါပြီ…။ ယနေ့ရာစုသစ်မှာ အသုံးများဆုံး စကားလုံးက "ဂလိုဘယ်လိုက်ဇေးရှင်း" ပဲ။ သဘောက မြေကြောချုံ့မှု၊ ကမ္ဘာရွာဆန်သွားမှုကြောင့် ကြိုးစားမှုတွေ၊ စွန့်စားမှုတွေ၊ ခေတ်ကို အမီလိုက်နိုင်မှုတွေ မရှိဘူးဆိုရင်တော့ ခင်ဗျားတို့ ကျွန်တော်တို့ အမြင့်ရောက်ဖို့ဆိုတာ မလွယ်ရေးချ… မလွယ်ပါပေ…။

ဟုတ်တော့လည်း ဟုတ်ပါတယ်…။

ဟိုး… အရင် ကျွန်တော်တို့ ငယ်စဉ်က မိသားစုတစ်စုမှာ အိမ်ထောင်ဦးစီးတစ်ယောက် အလုပ် လုပ်ရင်ပဲ… တစ်

မိသားစုလုံး အိုကေ...။

အေးဆေးပဲ... တည်တည်ငြိမ်ငြိမ်နဲ့ စားသောက်... ပညာသင်ကြားနိုင်တယ်။ စားဝတ်နေရေး ဘာမှပူစရာမလိုဘူး...။

ဒီနေ့ခေတ်မှာတော့ အရွယ်ရောက်သူအားလုံးက အလုပ်ကိုယ်စီ ထွက်လုပ်နေကြရတာ... စား၊ ဝတ်၊ နေရေးကြောင့်ရော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု ပြယုဒ်အနေနဲ့ရော၊ လူငယ်တွေဟာ မိုးလင်းမိုးချုပ် အလုပ်နဲ့ နည်းပညာတွေကြားမှာ ဗျာများပြီး စီးမျောနေလာရတာ...။

အဲဒီတော့... "အချိန်" ဆိုတာလည်း ရှားပါး... ပစ္စည်းတစ်ခုလို ရှာမရ၊ ဖွေမရဖြစ်လာပါတယ်။ အကျိုးဆက်က စာဖတ်အားတွေ ကျဆင်းလာတယ်...။ ရတဲ့အချိန်လေးကျတော့လည်း စိတ်ထွက်ပေါက်တွေ ရှာကြရပြန်ရော...။

နည်းပညာ... စက်မှုပစ္စည်းတွေ ထွန်းကားလာတော့ စာအုပ်တစ်အုပ်ကိုင်ပြီး စာဖတ်ဖို့... စိတ်ဝင်စားမှု အားနည်းလာတယ်။ အဲဒီတော့ အကျိုးဆက်က ရုပ်ဝတ္ထုတွေ တိုးတက်လာပေမယ့်... အသိဉာဏ်ပညာတွေ ကျဆင်းလာတယ်။

ယနေ့ လူငယ်တွေ အားနည်းတဲ့ အကြောင်းအရာတွေ လေ့လာသင်ယူရမယ့် ဗဟုသုတတွေဟာ "စာအုပ်စာပေ" တွေ

ထဲမှာဘဲ ရှိနေတာ သိကြပေမယ့် တကူးတက အချိန်ပေးဖို့ အတော်လုဖို့ ယူနေကြရပြန်ပါရော...။

အဲ... ဒါဆိုရင်...

စာဖတ်အားနည်းတဲ့ အခြေအနေကို ဘယ်လိုထိန်းကြမလဲ...?

စာဖတ်အား မြင့်လာအောင် ဘယ်လိုလုပ်ကြမလဲ...?

မေးခွန်းကတော့ ကြီးကျယ်ပါတယ်... ဒါပေမယ့်... မတတ်နိုင်ဘူး။ ဒီကြီးကျယ်တဲ့ ခရီးကိုပဲ... ခြေတစ်လှမ်းနဲ့... စရသလို... ကျွန်တော်တို့ စွမ်းနိုင်တာကို 'စ' နိုင်တဲ့ ဘက်ကပဲ 'စ' ကြရမယ်လို့ စဉ်းစားမိတာနဲ့...။

၁။ အချိန်ကုန်သက်သာရမယ်။

၂။ အကျိုးလည်း ရှိစေရမယ်။

၃။ စိတ်ဝင်စားမှုလည်း ဖြစ်ရမယ်။

၄။ အတွေးအခေါ် အယူအဆလည်း ပါရမယ်။

စတဲ့... မူဝါဒ... စိတ်ကူးနဲ့ ဒီစာအုပ်လေးတွေကို ရေးထုတ်ဖို့ ကြိုးစားရတာပါ။

ဒီလိုစာအုပ်လေးတွေ ဖြစ်လာဖို့ဆိုတာ "မိတ်ဆွေစာပေ" ရဲ့ အကူအညီ မပါရင်လည်း မဖြစ်နိုင်ပါဘူး...။

ဒီအတွက် "မိတ်ဆွေစာပေ" ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ဒီစာအုပ်ကလေးတွေကို ဖတ်ပြီး ယနေ့လူငယ်တွေအနေနဲ့ စာဖတ်ချင်စိတ် ဖြစ်လာလေမလား... ဒီစာပေတွေဖတ်ခြင်းကြောင့် လူငယ်တုကိုယ်စားပြု အကျိုးကို သယ်ပိုးနိုင်မယ်ဆိုရင် အတိုင်းမသိ ဝမ်းသာမိမှာပါ။

ပြောပြချင်တာကတော့ "စာအုပ်စာပေဆိုတာ လူ့မိတ်ဆွေ" ပါ။

*ကျေးဇူးတင်ပါတယ်*
ချစ်ခြင်းအားဖြင့်
လောကသစ္စာ
09798315882

# စေတနာစကား

ကျွန်တော်လဲကျခဲ့ဖူးပါတယ်။ လဲကျတာမှ စိုတ်ပြတ်သွားအောင်ဖြစ်ခဲ့တာ...။ ဒါပေမယ့်...

ဒီ..အဆိုအမိန့်တွေ၊ ဒီ...ဒဿနတွေကို ဖတ်ပြီး ခွန်အားတွေနဲ့ ဘဝကိုပြန်ထခဲ့ရတာပါ။ ဒါကြောင့်လည်းကျွန်တော့်လိုမျိုးဘဝ မဖြစ်စေချင်တဲ့ စေတနာနဲ့မျှဝေတာပါ။ လဲကျတယ်ဆိုတာ...ကိုယ့်အားနည်းချက်၊ ကိုယ့်လိုအပ်ချက်...ကိုယ့်ရဲ့လွဲမှားမှုတစ်ခုခုကြောင့်ပါ။

ပြန်မထရင်တော့ ကျရှုံးသွားမှာပါပဲ။
မကြောက်ပါနဲ့မိတ်ဆွေ...လူတိုင်းလည်း လဲကျဖူးတယ်။
ဒါကြောင့်
လဲကျရင်...ပြန်ထ...မရ ရအောင်ပြန်ထ။
ကုန်...ရှုန်း...ထ...
လုံ့ဝ...မလျော့နဲ့

ချစ်ခြင်းအားဖြင့်
လောကသစ္စာ



# ခေါင်းဆောင်မှု

အဘိဓာန်ထဲက အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ခေါင်းဆောင်ဆိုတာ လမ်းညွှန်သူ သို့မဟုတ် အပေါ်မှ စီစဉ်ညွှန်ကြားသူလို့ သိရပါတယ်။ ခေါင်းဆောင်ဟာ တစ်စုံတစ်ယောက်ဖြစ်နိုင်ပြီး၊ တစ်စုံတစ်ယောက်ဟာလည်း ခေါင်းဆောင်ဖြစ်နိုင်ပါတယ်။ ခေါင်းဆောင်ဖြစ်ဖို့ အရည်အချင်းရှိရပါမယ်။ အဲဒီအရည်အချင်းတွေထဲမှာ နောက်လိုက်တွေအတွက် ခွန်အားနဲ့ ပြည့်စုံတဲ့ နည်းလမ်းတွေ ဖန်တီးပေးနိုင်ခြင်းဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။



"ခေါင်းဆောင်မှုဆိုတာ လိုရာဖြစ်မြောက်အောင် စီမံ အုပ်ချုပ် လုပ်ကိုင်နိုင်တဲ့ သေနင်္ဂဗျူဟာအတတ်ပညာနဲ့ အကျင့် စာရိတ္တ ပေါင်းစပ်ထားတဲ့ အခေါ်အဝေါ်၊ တန်ခိုးသတ္တိရှိတဲ့ စကားလုံးဖြစ်ပါတယ်။ ဒါပေမယ့် သင့်အနားမှာ တစ်ယောက်မှ မရှိရင်တော့ သေနင်္ဂဗျူဟာလည်း မရှိပါဘူး။"

Norman Schnarzkopf,
U.S. military leader



"ခေါင်းဆောင်မှုဆိုတာ သင်လုပ်ကိုင်ရမယ့် လုပ်ငန်းတစ်ခုခုကို နားလည်သဘောပေါက်ပြီး သင့်ကိုယ်စား စိတ်ချလက်ချ လုပ်ကိုင်နိုင်သူတွေကို ရှာဖွေစုစည်းတဲ့ အတတ်ပညာတစ်ခု ဖြစ်ဟန်တူပါတယ်။"

Vince Packard,

Writer



"ခေါင်းဆောင်မှုအတတ်ပညာဟာ
နောက်လိုက်တွေ တိုးလာဖို့ မဟုတ်ဘူး။
ခေါင်းဆောင်တွေ မွေးထုတ်မှု
အထူးဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်တယ်။
ကျွန်တော် ဒီသဘောထားနဲ့ ဒီဆုလာဒ်ကိုသာ
ရည်မှန်းပြီး လုပ်ငန်းစခဲ့ပါတယ်။"

Ralph Nader,
Consumer Advocate



"ခေါင်းဆောင်မှုကို
စိစစ်တဲ့ တစ်ခုသော အတိုင်းအထွာကတော့
သင့်နောက်ကို လိုက်ဖို့
ရွေးချယ်ထားတဲ့ လူတွေရဲ့
အနှစ်သာရ အရည်အချင်းကို
ကြည့်ခြင်းဖြစ်ပါတယ်။
Dennis A. Peer,
Writer



"ကောင်းတဲ့အကြံဉာဏ်တစ်ခုကို
ရရှိဖို့အတွက်
အကောင်းဆုံးနည်းလမ်းကတော့
အကြံဉာဏ်တွေ အများကြီး
ရှိနေရပါမယ်"

Linus Pauling,
Chemist



"ခေါင်းဆောင်မှုဆိုတာ
ရေကူးတဲ့
ပညာရပ်လိုပဲ။
သူ့အကြောင်းကို
စာတွေဖတ်ပြီး
သင်ယူလို့
မရနိုင်ဘူး"

Henry Mintzbert,
Writer



စီမံခန့်ခွဲခြင်းဆိုတာ
အစီအစဉ်ဆွဲခြင်း၊
ပြောဆိုခြင်းသာဖြစ်တယ်။
ခေါင်းဆောင်မှုဆိုတာကတော့
ပြုစုကျွေးမွေးပညာပေးခြင်းနဲ့
အရည်အချင်း
တိုးမြှင့်ပေးခြင်းဖြစ်တယ်။"

Tom Peters,
Management Expert




“တကယ်လို့
သင့်မှာ
ကိုယ်ပိုင်စီမံကိန်းတစ်ခု
မရှိဘူးဆိုရင်
သင်ဟာ
အခြားတစ်ယောက်ရဲ့ စီမံကိန်းမှာ
အစိတ်အပိုင်းတစ်ခု
ဖြစ်သွားလိမ့်မယ်။”

Anonymous



အနိုင်ရတဲ့လူဟာ
လေးငါးခြောက်ကြိမ်လောက်
အမှတ်စဉ်ရေတွက်တာ
ခံခဲ့ရပြီး ဖြစ်နိုင်တယ်။
ဒါပေမဲ့ သူဟာ
ဒိုင်လူကြီးရဲ့ အမှတ်စဉ် ရေတွက်သံကို
မကြားခဲ့သူဖြစ်တယ်။

**အိတ်ချ် အီး ဂျက်ဆင်**




လူအများစုဟာ ပန်းတိုင်ရောက်ခါနီးကလေးမှာ
သူတို့ရဲ့ ကြိုးပမ်းမှုကို လက်လျှော့လိုက်
တတ်ကြတယ်။ သူတို့ဟာ ပန်းဝင်စည်းရောက်ဖို့
တစ်ကိုက်လောက်အလိုမှာ ပြေးတာကို
ရပ်လိုက်တတ်ကြတယ်။ သူတို့ဟာ ပန်းဆွဲနိုင်ဖို့
ခြေတစ်ဖဝါးအလို၊ ပန်းတိုင်ရောက်တော့မယ့်
နောက်ဆုံးမိနစ်မှာ ကြိုးပမ်းမှုကို
စွန့်လွှတ်လိုက်တတ်ကြတယ်။

**အိတ်ချ် ရောစ် ပီးရော့စ်**



သွားလောက်အောင်
ထိုက်တန်တဲ့
ဘယ်ခရီးမှာမှ
ဖြတ်လမ်းဆိုတာ
မရှိဘူး။

ဘီတာလေ ဆေးလမ် (၁၉၁၉-၂၀၀၇)



ကျွန်တော့် သေနင်္ဂဗျူဟာကတော့

ရိုးရိုးရှင်းရှင်းကလေးပါ။

အစောဆုံးထွက်တယ်။

အားကုန်ထည့်ပြီး

ဝေးနိုင်သလောက်

ဝေးဝေးရောက်အောင်ပြေးတယ်။


ဒါပါပဲ။

**စေါ်ဝ်အိုဟက်(၁၉၅၅)**



မီးအိမ်တစ်ခု
အမြဲတမ်း
ထွန်းလင်းနေဖို့ဆိုရင်
အဲဒီထဲကို
လောင်စာမပြတ်
ထည့်ပေးနေဖို့
လိုအပ်တယ်။

မာသာထရီဆာ (၁၉၁၀-၁၉၉၇)



# အခြေခံအုတ်မြစ်များ

"အဆောက်အဦတစ်ခု တည်ဆောက်ရင် အုတ်မြစ်ခိုင်မှ ဆိုတာ လူတိုင်းသိကြပါတယ်။ အခုပြောတဲ့ အခြေခံအုတ်မြစ်ဆိုတာက ကိုယ်လုပ်မယ့်လုပ်ငန်းအတွက် လိုအပ်သမျှ အစိတ်အပိုင်းအားလုံး ပါဝင်ပါတယ်။ လုပ်ငန်းအလိုက် လိုအပ်ချက်တွေကလည်း ကျယ်ပြန့်ပါတယ်။ ဒီတော့ ကိုယ်လုပ်ဆောင်သမျှ အားလုံးအတွက် အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရမယ်ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။



"အခြေခံနဲ့ အကျုံးမဝင်တဲ့အရာ
ဘာမှမရှိဘူး။
ကျုပ်တို့နေတာကို
မြန်မြန်လုပ်ပါ၊
မနက်ဖြန်လိုချင်တယ်ဆိုတဲ့ကမ္ဘာ
အခြေခံအားလုံးဟာ
အုတ်မြစ်ကို
ခိုင်မာစေပါတယ်။

Barry Farber



"သင့်ရဲ့ (အင်ပါယာ) ကို
ခိုင်မာတဲ့
(ဖောင်ဒေးရှင်း) ပေါ်မှာ
တည်ဆောက်ခြင်းဖြင့်
အုတ်မြစ်ချလိုက်ပါ"

Lou Holtz,
Football Coach



"ပြည့်ဝတဲ့ ပညာအရှိဆုံးလူတစ်ယောက်ဟာ
ကလေးများရဲ့ တချို့သော အတွေးအမြင်တွေကို
လက်ကိုင်ထားလေ့ရှိတယ်။
ဒါကြောင့်လည်း ကလေးတွေ နားမလည်နိုင်တဲ့
အရာတစ်ထောင်လောက်ကို သူနားလည်နေတယ်။
အမြဲတမ်းသူဟာ လူသစ်တစ်ဦးဖြစ်နေတယ်။
ပြီးတော့ စစ်မှန်တဲ့ ဘဝအဓိပ္ပါယ်နဲ့
တစ်သားတည်းဖြစ်နေတယ်။"

Jonh Macy,

Author



"စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တကို
ပြုပြင်ပေးတဲ့ စည်းကမ်းကြောင့်
နာကျင်ရတာဟာ
'နောင်တ' ကြောင့်
နာကျင်ရတာထက်
အများကြီး
ခံသာပါတယ်။"

Barry Farber,
Writer




“မှန်မှန်လုပ်ခြင်း မှန်မှန်ကစားခြင်းဟာ တစ်နေ့ချင်းစီ အတွက် အသုံးဝင်မှုနဲ့ စိတ်ကျေနပ်မှုကို ဖြစ်စေနိုင်ပြီး၊ ဒီလိုလုပ်တာဟာ အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်တာဖြစ်တယ်လို့ သင်နားလည်လာအောင် သက်သေပြပါလိမ့်မယ်။ နောက်ပြီး လူငယ်တွေ ရွှင်လန်းကြမယ်။ လူကြီးတွေ နောင်တရနည်းမယ်။ ဘဝဟာလည်း လှပအောင်မြင်ပါလိမ့်မယ်”

Louisa May Alcott,

**Author**



"အရာတိုင်းဟာ
ဆွေမျိုးတော်စပ်နေတယ်။
အရောင်းသမားနဲ့
စားသုံးသူပုံစံမျိုးပေါ့"
Barry Farber,
Writer



"အပိုင်းပေါက်ထဲသို့
လေးထောင့်ငုတ်
ရိုက်သွင်းလို့
မရဘူး"

Barry Farber,
Writer




"မတူညီတာဟာ
ခွန်အားဖြစ်ပြီး
ရိုးသားမှုကတော့
အကောင်းဆုံး
မူဝါဒဖြစ်တယ်"
Barry Farber,
Writer



သင်လိုချင်တာရဖို့အတွက်
သင်ဟာ အမြဲတမ်း လှုပ်ရှားနေရမယ်။
လုပ်ဆောင်မှုတွေကို ထုတ်လုပ်နေရမယ်။
အခွင့်အလမ်းသစ်တွေကို ဖန်တီးနေရမယ်။
ကုလားထိုင်ပေါ်မှာ ကျောက်ချပြီး ထိုင်ခံနေလို့ကတော့
သင်ဖြစ်စေချင်တာ ဘာတစ်ခုမှ
ဖြစ်လာမှာ မဟုတ်ပါဘူး။

**ကိတ်ရှိုက်**

***(သူတို့လိုချင်တာရရှိခဲ့တဲ့ အမျိုးသမီးတွေရဲ့***
***လျို့ဝှက်ချက်)စာအုပ်မှ***



လူတစ်ယောက်ဟာ
မနက်မှာ အိပ်ရာထတယ်။
ညမှာ အိပ်ရာဝင်တယ်။
အဲဒီနှစ်ခုကြားကာလမှာ
သူလုပ်ချင်တာတွေကို လုပ်တယ်။
ဒါဆိုရင် အဲဒီလူဟာ
အောင်မြင်မှုတစ်ခုပဲ။
ဘော့ဘ်ဒိုင်လန်(၁၉၄၁-)



အောင်မြင်မှုဆိုတာ
သင့်ကို ချစ်ခင်သူ အားလုံးအတွက်
ကောင်းကင်ကြီးကို
လင်းလက်တောက်ပသွားအောင်
ထွန်းညှိပေးတဲ့
ကြီးကျယ်မြင့်မြတ်တဲ့
မီးပွားတစ်ခုဖြစ်တယ်။

မယ်ဘာဇရာင်း၊(၁၉၂၈-)




အောင်မြင်မှုက လူတွေကို စိတ်ကြီးဝင်အောင်၊ အတ္တဗဟိုပြုသူတွေ ဖြစ်လာအောင်နဲ့ ကိုယ့်ကိုယ်ကို အားရကျေနပ်သူတွေဖြစ်လာအောင် ပြုလုပ်ခြင်းဖြင့် ဖျက်ဆီးပစ်လေ့ရှိတယ်ဆိုတဲ့ အယူအဆဟာ မှားယွင်းပါတယ်။ တကယ့် အမှန်တရားက အောင်မြင်မှုက လူတွေကို အမိကအားဖြင့် ပျပ်ဝပ်နှိမ့်ချသူတွေ၊ စိတ်ရှည်သည်းခံသူတွေ၊ ကြင်နာထောက်ထားတတ်တဲ့သူတွေ ဖြစ်လာအောင် လုပ်ပေးတာသာ ဖြစ်ပါတယ်။

**ဒဗလျူဆမ်မောဆက်မွန်(၁၈၇၄-၁၉၆၅)**



"ကောင်းမွန်တဲ့
အသက်ရှူနည်းတစ်ခုဟာ
ဘေးအန္တရာယ်များလှတဲ့
အကျိုးသက်ရောက်မှုတွေကို
ခွာချပေးနိုင်တဲ့
အကောင်းဆုံး
အတတ်ပညာရပ်ပါ"

The Energ Frame : AIR



"ကမ္ဘာပေါ်မှာ
အရေးပါဆုံးလက်နက်ကတော့
လူသားရဲ့
ပြင်းပြတဲ့
ဆန္ဒဝိညာဉ်ပါပဲ"

Ferdinand Foch,
French Marshal



"ဘဝက ဘဝကို
မွေးဖွားစေတယ်။
စွမ်းရည်ကလည်း
စွမ်းရည်ကို ဖန်တီးပေးတယ်။
ဒါဟာ လူတစ်ယောက် ချမ်းသာလာဖို့
လူတစ်ယောက်ချင်းရဲ့ အသုံးပြုမှုအပေါ်
မူတည်ပါတယ်"

Sarah Bernhardt,
Actress



လောကမှာ -
အောင်မြင်မှုဆိုတာ
တစ်ခုပဲရှိတယ်။
အဲဒါကတော့
သင့်ဘဝကို
သင်ကိုယ်ပိုင်နည်းလမ်းနဲ့
သုံးစွဲနိုင်စွမ်းရှိမှုပါပဲ။
**ခရစ္စတိုဖာ မော်လေ(၁၈၉၀-၁၉၅၇)**



ကျွန်ုပ်ဟာ လူအများစုကြီးထက် ပိုပြီး ချမ်းသာကြွယ်ဝတာ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ စစ်မှန်တဲ့ အောင်မြင်မှုဆိုတာ တစ်နေ့တာအလုပ်ကို အကောင်းဆုံး ဖြစ်အောင်လုပ်၊ ပြီးတော့ မိသားစုဆီ ပြန်လာပြီး နွေးနွေးထွေးထွေး ပျော်ပျော်ရွှင်ရွှင်နေ၊ ပြီးတော့ ငါ့ဒီကနေ့ တစ်စုံတစ်ယောက်ကို ထိခိုက်နစ်နာစေမယ့် ဘယ်အလုပ်ကိုမှ မလုပ်ခဲ့ဘူး။ နောင်ဘယ်တော့မှလည်း လုပ်မှာမဟုတ်ဘူးဆိုတဲ့ အသိအာတွေးနဲ့ အိပ်ပျော်သွားတာသာလျှင် ဖြစ်တယ်လို့ ကျွန်ုပ်အခုအထိ ယုံကြည်နေတုန်းပဲ။

လော့ဒ်ပို့ (၁၉၀၈-၂၀၀၇)



အောင်မြင်မှုဆိုတာ
သည်းကြီးမည်းကြီး ရှာဖွေရလောက်အောင်
ထိုက်တန်တဲ့အရာ ဖြစ်တယ်။
အောင်မြင်မှုကြောင့် ဘဝဟာ
ပိုကောင်းလာတယ်။
အလုပ်က ပိုပြီး အဆင်ပြေ ချောမွေ့လာတယ်။
ပြီးတော့ ကျွန်တော်လည်း
ပိုပြီး ခမ်းနားကြီးကျယ်လာတယ်။

**စတီဗ်အိုဗက်(၁၉၅၅)**




ဘာတွေပဲဖြစ်ဖြစ် ဂရုမစိုက်ပါနဲ့။ စလုပ်ပါ။ ကျဆုံးရှုံးနိမ့်ပါစေ။ တစ်ခါကျဆုံးရှုံးနိမ့်တိုင်း နောက်တစ်ခါအားလုံးကို အသစ်က ပြန်စပါ။ အဲဒီကျရင် သင်ဟာ ပိုမိုကြံ့ခိုင်သန်စွမ်းလာပြီး ရကောင်းရလိမ့်မယ်ဆိုတဲ့ အတွေးနဲ့ စတင် ကြိုးပမ်းခဲ့တာ မဟုတ်တဲ့ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် အမှတ်ရနေမယ့် ရည်မှန်းချက်တစ်ခုကို နောက်ဆုံးတစ်နေ့မှာ သင်ပြီးမြောက်အောင်မြင်မှာ မုချ ဖြစ်တယ်။

**အန်းဆူလီမန်(၁၈၆၆-၁၉၃၆)**



လောကမှာ အောင်မြင်မှုလို့
ကျုံးသုံးရှုံးနိမ့်တဲ့ အရာမျိုးတစ်ခုမှ မရှိဘူး။
ဘာကြောင့်လဲဆိုတော့
ကျွန်တော်တို့က အောင်မြင်မှုကနေ
ဘာကိုမှ လေ့လာသင်ယူမှု မရှိကြဘူးလေ။
ကျွန်တော်တို့က
ရှုံးနိမ့်ကျုံးသုံးမှုဆီကပဲ
လေ့လာသင်ယူလေ့ရှိကြတယ် မဟုတ်လား။

**ကင်းနက်ဇော်အလင်း**




# သတင်းထုတ်ပြန်ခြင်း

သတင်းထုတ်ပြန်ခြင်းရဲ့ အရှင်းဆုံး အဓိပ္ပာယ် သတ်မှတ်ချက်ကတော့ သိအောင်လုပ်တာပါပဲ။ အတွေး၊ ခံစားချက်၊ သတင်း၊ အရေး၊ အပြော၊ အမှတ်အသား စတာတွေကို ပေးခြင်း၊ ဖလှယ်ခြင်း လုပ်တာမို့ သတင်းနဲ့ ဆက်သွယ်ရေးလုပ်တာလို့လည်း ပြောလို့ရပါတယ်။ အောင်မြင်လိုတဲ့သူတစ်ဦး၊ အဖွဲ့အစည်းတစ်ခုဟာ ကိုယ့်ရဲ့ အနေအထားကို မှန်မှန်ကန်ကန် ထုတ်ပြန်နေရမှာဖြစ်ပါတယ်။ အဓိကကတော့ ကိုယ့်အပေါ် ယုံကြည်နေဖို့ပါ။

မှုရှင်း စာရေးဆရာကတော့ ဘယ်အရာကိုမဆို စိတ်နဲ့ တွေးပါတဲ့။ ဒါပေမယ့် ပြောရင်တော့ နှလုံးသားထဲက လာတဲ့အတိုင်း ပြောပါလို့ အကြံ ပေးထားပါတယ်။





"အဖွဲ့အစည်းတစ်ခုရဲ့
တမင်လှည့်ဖြားထားတဲ့
ထုတ်ပြန်မှုတစ်ခုဟာ
ကြည့်ရတာ သိပ်ပြီး
ရှေ့နောက် မညီမညွတ်
ဖြစ်နေမယ်ဆိုရင် နားထောင်သူတချို့ရဲ့
နာကျင်ခံစားမှုကို ကြုံတွေ့နိုင်ပါတယ်"

Erma Bombecj,

Humorist




"ကောင်းမွန်တဲ့
သတင်းထုတ်ပြန်မှုတစ်ခုဟာ
ကော်ဖီခါးတစ်ခွက်ကို
လှုံ့ဆော်မှုပေးနိုင်ပြီး
နောက်ပိုင်းမှာ
အိပ်ပျော်ဖို့ တောင်
ခက်သွားစေပါတယ်"

Anne Morrow Lindbergh,

Author



“လူသားတွေရဲ့ အကြီးမားဆုံး စွမ်းရည်ဖြစ်တဲ့
အတွေးအခေါ်၊ ဖြန့်ပြောင်းသတိရမှုနဲ့
သဘောင်းပြန့်ကြားမှုတွေဟာ
တိုင်းသူပြည်သားတွေရဲ့
အဆင့်ဆုတ်ဖြစ်ပျက်ပြောင်းလဲမှု (သို့မဟုတ်)
တော်လှန်ရေးအတွက်
ယုံကြည်အားကိုးထိုက်တဲ့ အရာတွေဖြစ်တယ်”

Linus Pauling,
Scientist



"ငါဟာ တစ်ယောက်တည်းပါ။ ဒါပေမယ့်
လူသားတစ်ယောက်အဖြစ်တော့ ရှိနေသေးရဲ့။
အရာအားလုံးကို ငါ မလုပ်နိုင်ပေမယ့်
အချို့ကိုတော့ ငါလုပ်နိုင်နေပါသေးရဲ့။
ငါ လုပ်နိုင်သလောက်ကို လုပ်ဖို့အတွက်
ငါငြင်းပယ်မှာ မဟုတ်ဘူး"

Helen Keller,
The First Blind - Deaf Person to
Graduate From College (1904)



"အကျိုးသက်ရောက်မှုရှိတဲ့
သတင်းတစ်ပုဒ်ဟာ
သင်သိတဲ့ ၂၀ ရာခိုင်နှုန်းမျှသာဖြစ်ပါတယ်။
ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကတော့
သင်သိတာနဲ့ ပတ်သက်ပြီး
သင်ဘယ်လိုခံစားရတယ်ဆိုတာပါပဲ"

Jim Rohn,
Author



"အိပ်ရာက နိုးတဲ့အချိန်တိုင်းမှာ ကိုယ့်အတွေ့အကြုံတွေအကြောင်းကို ကိုယ်ပြန်ပြောမိကြတယ်။ ကိုယ့်အပြော၊ ကိုယ့်အတွေးတွေကိုလည်း ကိုယ့်ကိုယ်ကို ပြန်သတင်းပေးကြတယ်။ အလှည့်အပြောင်းအနေနဲ့ကတော့ ကိုယ့်ခံစားချက်၊ ကိုယ့် လုပ်ပုံကိုင်ပုံ နည်းလမ်းကို ထိန်းချုပ်ပေးသွားတော့တာပါပဲ"

John Lembo,

Author



“ကျွန်တော်
ဘယ်အရာကိုမှ
စကားပြောဆိုတဲ့နည်းနဲ့
မသင်ယူဘူး။
အရာအားလုံးကို
မေးခွန်းတွေမေးပြီး
သင်ကြားနာယူတယ်”

Lou Holtz,

Former Notre Dame Football Coach



**အောင်မြင်မှုဆိုတာ**
ရှုံးနိမ့်ကျဆုံးမှုတာ
ရှောင်လွှဲလို့ မရတဲ့ အရာတစ်ခု
ဖြစ်တယ်ဆိုတာကို
မသိတဲ့လူမျိုးတွေ
ရရှိလေ့ရှိတဲ့
အရာတစ်ခုဖြစ်တယ်။
**ကိုကိုချင်နယ်(၁၈၈၃-၁၉၇၁)**



**အောင်မြင်မှုဆိုတာ...**

စိတ်အားထက်သန်ခြင်းကို
မဆုံးရှုံးဘဲ
ရှုံးနိမ့်ကျဆုံးမှု
တစ်ခုမှတစ်ခုသို့
သွားနေခြင်းကို ခေါ်တယ်။

**ဆာဝန်စတန်ချာချီ(၁၈၇၄-၁၉၆၅)**



အောင်မြင်ဖို့အတွက် သင်ဘာယ်လောက်ပဲ
ပြင်းပြင်းထန်ထန် ကြိုးစားပြီး
လုပ်သည်ဖြစ်စေ၊ သင့် အတွေးတွေဟာ
ရှုံးနိမ့်မှာကို စိုးရိမ်ပူပန်မှုတွေနဲ့
ပြည့်နှက်နေမယ်ဆိုရင် အဲဒီအတွေးတွေက
သင့်ရဲ့ ကြိုးပမ်းမှုကို ပျက်စီးစေလိမ့်မယ်။
သင့်ရဲ့ အားထုတ်မှုတွေကို အာနိသင်ပျက်ပြယ်
သွားစေလိမ့်မယ်။ အောင်မြင်မှုကို
တားဆီးပိတ်ဆို့ထားလိမ့်မယ်။

**ချားလ်စ် ဘော်ဒီအင်း၊(၁၈၉၃-၁၈၆၃)**



အောင်မြင်မှုအကြောင်း လူအများအပြား အိပ်မက်မက်ကြတယ်။ ကျွန်တော့်အဖို့တော့ အောင်မြင်မှုဆိုတာ ထပ်တလဲလဲ ကျဆုံးရှုံးနိမ့်မှုနဲ့ မိမိကိုယ် မိမိထပ်တလဲလဲ ပြန်လည် ဆန်းစစ်သုံးသပ်ခြင်းတို့အားဖြင့်သာ ရရှိနိုင်တဲ့အရာဖြစ်တယ်။ တကယ်တော့ အောင်မြင်မှုဆိုတာ ကျဆုံးရှုံးနိမ့်မှုလို့ခေါ်တဲ့ (၉၉%)က ထွက်ပေါ်လာတဲ့ ညင်ရဲ့ လုပ်ဆောင်မှု (၁%)ကို ခေါ်တာပါ။

ထျိုင်ချိုင် ဖွန်အိ



ကျွန်ုပ်ရဲ့
အရေးကြီးဆုံးသော
ရှာဖွေတွေ့ရှိမှုတွေကို
ပုံလောင်းခဲ့တာကတော့
ကျွန်ုပ်ရဲ့
ရှုံးနိမ့်ကျဆုံးမှုတွေပဲ။

**ဆာဟမ်ဖရေဒေးဗီ၊(၁၇၇၈-၁၈၂၉)**



# ပေါင်းသင်းဆက်ဆံရေး

"လူဆိုတာ တစ်ဦးတည်းနေလို့မရဘူး။ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ၊ ပတ်ဝန်းကျင်၊ အဖွဲ့အစည်း၊ လူမျိုး၊ နိုင်ငံတွေရဲ့ အသင်းဝင်တစ်ဦး ဖြစ်နေပါတယ်။ ဒါကြောင့် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့၊ ကိုယ့်အနီးအနားမှာ ရှိတဲ့ လူတွေနဲ့ ဆက်ဆံရေး အခြေအနေဟာ ကိုယ့်အတွက် အရေးကြီးတယ်။ ကိုယ့်အောင်မြင်မှုအတွက်လည်း အရေးပါတာ အသေအချာပါပဲ"



"သင့်ဘဝရဲ့
အရည်အသွေးဟာ
သင်ပေါင်းသင်းဆက်ဆံနေသူတွေရဲ့
အရည်အသွေးပါပဲ"

Anthony Robbins,
Motivational Speaker



"သူဟာ သူ့ဘာသာသူ ရပ်တည်နေတဲ့
လူသူမဲ့ကျွန်းတစ်ကျွန်း မဟုတ်ပါဘူး။
လူတိုင်းဟာ တိုက်ကြီးခြောက်တိုက်ရဲ့
အပိုင်းအစတစ်ခုဖြစ်ပြီး
အရေးပါ အရာရောက်မှုရဲ့
အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်"

John Donne,

Poet



"သင် လက်ခံရရှိထားတဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့ ရတနာဟာ အရာအားလုံးရဲ့ အပေါ်မှာရှိတယ်။ သင့်ရဲ့ ရွှေတွေ၊ ပြီးတော့ သင့်ရဲ့ ကောင်းမွန်တဲ့ ကျန်းမာရေးတွေကွယ်ပျောက်သွားတဲ့နောက်ပိုင်းမှာတောင် ရှည်ကြာစွာရှင်သန်ပြီး ကျန်နေမယ့် ရတနာပါ"

Og Mandino,

Motivational Sopeaker



"ဒီမှာ အောင်မြင်မှုကို ရစေမယ့် အခြေခံဥပဒေ တစ်ခု ရှိတယ်။ စိတ်ထဲမှာ မှတ်သားပြီး သတိရနေပါ။ အဲဒီ စည်းမျဉ်းက အောင်မြင်မှုဆိုတာ လူတွေကို ကူညီထောက်ပံ့ပေးခြင်းအပေါ် တည်မှီနေပါတယ်တဲ့။ သင်နဲ့ သင်လိုချင်တဲ့ အရာကြားမှာ ကျော်လွှားရမယ့် တစ်ခုတည်းသော စည်းရိုးလေးက လူတွေကို ပေးကမ်းကူညီခြင်းပါပဲ"

David Joseph Sehwartz,

Writer



"ကမ္ဘာကြီးဟာ သဟဇာတမျှတမှုဆိုတဲ့
အခြေခံပေါ်မှာ အခြေချတည်ဆောက်ပြီး
ဖြစ်ပေါ်လာတာပါ။ အရာတိုင်းဟာ
သူ့အကျိုး ကိုယ့်အကျိုးကို
စုပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး
တခြားအကြောင်းအရာ
တစ်စုံတစ်ရာ မရှိပါဘူး"

Rev. Preston Bradley;
Theologian



"သဘာဝတရားက သူ့ရဲ့အလှကို ဖော်ကျူးတဲ့ အချိန်မှာ လွတ်လပ်စွာ သီးခြားတည်နေတဲ့အရာ အားလုံးကို ရောမွှေပြသတတ်လို့ ကြည့်ရတာ အလွန် ကြည်နူးစရာကောင်းလှပါတယ်။ တကယ်လို့များ တစ်ယောက်ယောက်က တစ်ခုတည်းကိုသာ အသေး စိတ် ကြည့်နေမယ်ဆိုရင် ဒီလိုလှပမှုတွေဟာ ပေါင်းစပ် မှုသဘောကို မြင်နိုင်မှာ မဟုတ်ပါဘူး။ ဒီစကားလေးကို အာမခံအဖြစ်ယူသွားပါ။"

Barry Farber,

Writer



ကြီးမြတ်တဲ့အရာတွေကို
ရှုံးနိမ့်မှုရဲ့
ခိုင်မာတဲ့
အခြေခံအုတ်မြစ်တစ်ခုပေါ်မှာ
တည်ဆောက်ရတာဖြစ်တယ်။
ပင် ဘရောင်း(၁၉၂၈-)



အောင်မြင်မှုသို့
သွားရာလမ်းမှာ
ရှုံးနိမ့်မှုတွေကို
ဖြတ်ကျော်ရစမြဲ။

မစ်ကီရွန်နီ(၁၉၂၀-)



အောင်မြင်မှုဆိုတာ
ဂုဏ်ပြောင်တဲ့
ရှုံးနိမ့်မှု
ဇာတ်လမ်းတွဲတစ်ပုဒ်ပါ။
**မိုဟန်ဒါးစ်ဂန္ဒီ (၁၈၆၉-၁၉၄၈)**



ဘာပဲဖြစ်ဖြစ်
စွဲစွဲမြဲမြဲ
ဆက်လုပ်သွားနိုင်တဲ့ စွမ်းအား၊
ခံနိုင်ရည်ရှိဖို့ စွမ်းအား၊
အဲဒါဟာ အောင်နိုင်သူရဲ့
အရည်အသွေးပဲ။

**ဝင်းဒေးပစ်**

***(အောင်မြင်မှု၏ အကောင်းဆုံး)စာအုပ်မှ***

မိုးတောင်ဆရာ ၆ပ



ဒေါင်မြင်ဖို့ဆိုတဲ့ ကိစ္စမှာ
သင့်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်က
အခြားဘယ်အရာထက်မဆို
ပိုအရေးကြီးတယ်ဆိုတဲ့ အချက်ကို
သင့်ခေါင်းထဲမှာ စွဲစွဲမြဲမြဲ
မှတ်သားထားပါ။

**အဗရာဟင်လင်ကွန်း(၁၈၀၉-၁၈၆၅)**



# အကြံကောင်း ဉာဏ်ကောင်း ရယူခြင်း

အကြံကောင်းတွေကို ကိုယ့်အုပ်စုက လူတွေကပဲ ပေးနိုင်တယ်လို့ထင်ရင် မှားမယ်။ တစ်ခါတစ်ရံ ဘေးကရတဲ့ အကြံက ပိုတန်ဖိုးရှိနေတတ်တယ်။ ပြိုင်ဘက်တွေဆီကလည်း ရနိုင်တာပဲ။ ဒီတော့ တစ်ယောက်... ပြီးရင် နောက်တစ်ယောက်ဆီက ဘယ်လို အကြံဉာဏ်တွေရနိုင်မလဲဆိုတာ အရေးကြီးပါတယ်။



"တကယ်လို့
ငါဟာ သူတကာထက်ပိုပြီး
အဝေးကို မြင်နိုင်၊ ကြည့်နိုင်ခဲ့တယ်ဆိုရင်
ဒါဟာ ငါ
သန်မာထွားကြိုင်းတဲ့
လူထွားကြီးတွေရဲ့ ပုခုံးပေါ်မှာ
ရပ်ခဲ့လို့ပဲ ဖြစ်မယ်"

Dir Isaac Newton

Physicist



"ဆရာတစ်ယောက်ဟာ
ထာဝရ နှစ်သက်မြတ်နိုးရမယ့်သူဖြစ်တယ်။
သူ့ရဲ့ အဆုံးအမ၊
သူ့ရဲ့ အရှိန်သြဇာ
ဘယ်အချိန်မှာ
ရပ်တန့်သွားမယ်ဆိုတာ
သင် ဘယ်တော့မှ မပြောနိုင်ပါဘူး"

Henry Brooke Adams,
U.S. historian



"ဆရာဆိုတာ
တစ်နေရာမှာ
အဖိုးတန်အကြံကောင်း
သစ်ပင်တစ်ပင်ကို
အရင်စိုက်ပြီး
နောက်ထပ်နှစ်ပင်
စိုက်ပျိုးတတ်သူပါ"

Elbert Hubbard,
Writer



"ဆရာတွေကတော့
အမြဲတံခါးဖွင့်ထားပါတယ်။
ဒါပေမယ့်
သင်ကိုယ်တိုင်
အထဲကို ဝင်ရလိမ့်မယ်"

Chinese Proverb



"ပညာရှိတွေနဲ့
လမ်းအတူလျှောက်တဲ့သူဟာ
ပညာရှိလာလိမ့်မယ်"
Bible, Proverbs 13:20



"သင့်ရဲ့ဆရာဟာ
လေးစားထိုက်သူဖြစ်တယ်လို့
ဆိုရုံမျှနဲ့တော့
သူပြောသမျှတွေကို
မယုံကြည်သင့်ပါဘူး"

Buddha

(စာရေးဆရာ Barry Farber က ဗုဒ္ဓဘုရားရှင်ရဲ့
အဆိုအမိန့်ကို ကိုးကားဖော်ပြထားပါတယ်။



'ငါ အဲဒါကို လုပ်ခဲ့ရင်... တစ်ယောက်ယောက်
တော့...' လို့ ကျွန်တော် အမြဲပြောလေ့ ရှိတယ်။
လိုအပ်တာအားလုံးက ထက်သန်တက်ကြွမှု၊
ပြတ်သားတဲ့ ဆုံးဖြတ်ချက်...
ပြီးတော့ သင့် တံခါးဝမှာ
အပုံလိုက်ရှိနေတဲ့ အစီအစဉ်တွေပဲ ဖြစ်ပါတယ်။

**အင်ဂျလာ ဂမ်ဗီရှန်**




သင် မှန်တယ်လို့ ယူဆတဲ့ အရာကို လုပ်ဖို့ သင့်ကိုယ်သင် ယုံကြည်မှုရှိပါ။ အခြားသူတွေ ဘာပြောမလဲ ဆိုတာကို တွေးပြီး စိုးရိမ်မနေပါနဲ့။ နိုင်မာတဲ့ ပိုင်းဖြတ်မှု၊ ဂုဏ်သိက္ခာတို့နဲ့အတူ ရှေ့ကို ရဲရဲတိုးပါ။ သင့်မှာရှိသမျှ ခွန်အား အကုန်သုံးပြီး ကြိုးစားအား ထုတ်ပါ။ အမြင်မသန်တဲ့ လူတွေရဲ့ ဝေဖန်မှုတွေကို ဂရုမစိုက်ပါနဲ့။

ဒဲရက် ဇေါ်ဆင်



ကိုယ့်ကိုယ်ကို သံသယရှိနေသူဟာ ကိုယ့်ရန်သူတွေရဲ့ တပ်ထဲမှာ စာရင်းသွားသွင်းပြီး ကိုယ့်ကိုယ်ကို လက်နက်စွဲကိုင်ဆန့်ကျင် တိုက်ခိုက်တဲ့သူနဲ့တူတယ်။ သူဟာ သူ့ကိုယ်သူ ဖြစ်နေတဲ့ သံသယကို မချေဖျက်နိုင်တာကြောင့်ပဲ သူ့ကိုယ်သူ သေချာပေါက် ကျဆုံးရှုံးနိမ့်အောင်လုပ်တဲ့ ပထမဆုံး တရားခံ ဖြစ်နေတာ ဖြစ်တယ်။

အလက်ဇန္ဒာ ဒူးမား(၁၈၂၄-၁၈၉၅)



ပိုင်းဖြတ်မှုနဲ့ ဇွဲလုံ့လဝီရိယတို့က
ကမ္ဘာကြီးကို ရွေ့လျားစေတာ ဖြစ်တယ်။
သင့်အတွက် အခြားသူတွေက
လုပ်ပေးလိမ့်မယ်ဆိုတဲ့ အတွေးက
သင့်ကို သေချာပေါက်
ကျရှုံးစေမယ့် အတွေးဖြစ်တယ်။

**မာဟာကောလင်းစ်(၁၉၃၆-)**


***(အောင်မြင်ဖို့ ရွေးချယ်ခြင်း) စာအုပ်မှ***



သင် ဘာလိုချင်တယ်ဆိုတာကို
သင် သိရမယ်။
ပြီးတော့ အဲဒါကို
ရအောင် လုပ်မယ်လို့ ပိုင်းဖြတ်ပါ။
အဲဒါကို ရဖို့
မကောင်းဆိုးဝါးတစ်ကောင်လို
အလုပ်လုပ်ချင်စိတ်ရှိပါ။

**အိုင်ဗာနာထရမ့်(၁၉၄၉)**

***(အကောင်းဆုံးတွေလာဖို့ ရှိသေးတယ်)စာအုပ်မှ***



# သင်ကြားနာယူခြင်း

လောကကြီးဟာ သင်ယူလို့ မကုန်ခန်းနိုင်တဲ့ စာသင်ခန်းမကြီးဖြစ်တယ်။ နောက်ပြီး ဘာသာရပ်တွေဟာ သင်ကြားလို့ ကုန်ဆုံးသွားတယ်ဆိုတာ မရှိဘူး။ တိုးတက်အောင်မြင်ချင်သူနဲ့ သူ့မိတ်ဆွေ၊ သူ့နောက်လိုက်တွေဟာ အမြဲ သင်ယူနေဖို့ လိုအပ်တယ်ဆိုတာ စီးပွားရေးပညာရှင်တွေ သိနေတာ ကြာပါပြီ။



"သင်ယူတယ်ဆိုတာက သိသင့် သိထိုက်သမျှကို ရှာဖွေဖော်ထုတ်တာ၊ လုပ်ဆောင်တယ်ဆိုတာက သင်သိတာကို သက်သေထင်ရှားပြတာ၊ သင်ကြားပေးတယ်ဆိုတာက ကိုယ်သိသလို သူတို့ ကောင်းကောင်းသိသွားကြပြီလို့ သူတို့ကို သတိရစေတာ။ ဒီတော့ ကျွန်တော်တို့ဟာ တစ်ချိန်တည်းမှာပဲ သင်ယူသူ၊ လုပ်ဆောင်သူ၊ သင်ကြားပေးသူများ ဖြစ်နေကြတယ်။"

Richard Bach,

Writer




"သင်ယူတတ်ယ်ဆိုတာ
အခွင့်အရေးနဲ့ တွဲပြီး
ရောက်လာတာမဟုတ်ဘူး။
စိတ်ဝင်တစားနဲ့ ကြိုးပမ်းရှာဖွေရတဲ့အရာ၊
လုံ့လဝီရိယအပြည့်နဲ့ အမိန့်နာခံမှ
ရောက်ရှိပြည့်ဝလာတဲ့
အရာမျိုးဖြစ်တယ်။"

Abigail Adams,
U.S. frisr lady



“စိတ်ထက်သန်စွာ
ပညာသင်ယူနေရင်
နုပျိုပြီး အသက်အရွယ် ကြီးရင့်တာနဲ့
မဆိုင်သလိုဖြစ်သွားတယ်။
သင့်ရဲ့ သင်ယူမှုဟာ
ကြာရင်ကြာသလောက်
သင်ဟာ မအိုတော့ဘူး”

Rosalyn Sussman Yalow,
Physicist



“လာမယ့် အနာဂတ်ရဲ့
စာမတတ်သူဟာ
စာမဖတ်သူမဖြစ်နိုင်ဘူး။
ဘယ်လိုသင်ယူရမလဲဆိုတာကို
နားမလည်သူတစ်ယောက်ပဲ
ဖြစ်လိမ့်မယ်”

Alvin Toffler,
Writer



"သင့်ဟာ ဘာတွေ
သင်ယူခဲ့သလဲလို့ မေးလာရင်
အရင်က သင်သိတဲ့
အားလုံးဟာ
သင် သင်ယူခဲ့တာတွေပါ"

John Wooden.

Author



"သင်ယူရင်
သင်ဟာ အမြဲတမ်း
အသက်ရှင်သွားမယ့်သူလို့
သဘောထားပါ။
ဒီအတိုင်းနေမယ်ဆိုရင်တော့
မနက်ဖြန်သေတော့မယ်သူလို့သာ
သဘောထားလိုက်ပါ"

John wooden,
Author



အောင်မြင်မှုဆိုတာ
ကြိုးပမ်းအားထုတ်မှုနဲ့
ပိုင်းဖြတ်မှုတို့ရဲ့
သရုပ်။

**ပမ်ဘာရောင်၊(၁၉၂၈-)**



စိတ်ကူးစိတ်သန်း အကြံအစည်တွေ
ဘယ်လောက်ကောင်းကောင်း
အဲဒါက သိပ်အရေးမကြီးပါဘူး။
အားသွန်ခွန်စိုက်လုပ်ဆောင်မှုနဲ့
ဇွဲ လုံ့လ ဝီရိယတို့ မပါဘဲ
အဲဒါတွေ ဘာတစ်ခုမှ
ဖြစ်မလာဘူးဆိုတာက
အရေးကြီးတာပါ။

မစ္စတာ ဓေါ်ဝိပ်ရှာလေ




သင်ဟာ တစ်ကြောင်းတည်းသော
စိတ်ရှိသူဖြစ်ရမယ်။
သင် အရောက်သွားမယ်လို့
ဆုံးဖြတ်ထားတဲ့ ပန်းတိုင်ကိုပဲ
ဦးတည်ပြီးတော့ သွားပါ။

**ဗိုလ်ချုပ်ကြီး ဂျော့ အက်စ် ပက်တန်(၁၈၈၅-၁၉၄၅)**



လူတိုင်းမှာ
အောင်မြင်အောင်
ထမ်းဆောင်ရမယ့်
တာဝန်တစ်ခုတော့
ရှိတယ်။

ကလဲရင့် သောမတ်စ်(၁၉၄၈-)



အောင်မြင်တဲ့ ဘဝပိုင်ရှင်ဆိုတာ
သူ့ ပန်းတိုင်ကို
ရှင်းရှင်းလင်းလင်းမြင်ပြီး အဲဒီပန်းတိုင်ကို
အရောက်သွားဖို့
မသွေမဖည် မဆုတ်မနစ်
ကြိုးစားအားထုတ်သူဖြစ်တယ်။
အဲဒါဟာ အောင်မြင်မှုနဲ့
သစ္စာနှံခြင်းပါပဲ။

**စီစေလ်ဘီဒီမီလီ (၁၈၈၁-၁၉၅၉)**



# မှတ်သားနိုင်စွမ်း

အောင်မြင်ချင်တဲ့သူတွေဟာ လုပ်ငန်းကြီးတွေ၊ လူတွေ ရင်နှီးမြှုပ်နှံမှုတွေကို အစီအစဉ်တကျ မောင်းနှင်နေရသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် မှတ်သားနိုင်စွမ်းဟာ သူတကာထက် မြင့်မားဖို့ လိုပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ သတိနဲ့ မှတ်ဉာဏ်ကို မလျော့ပါးစေဘဲ တိုးတက်အောင် လေ့ကျင့်နေရမှာ ဖြစ်ပါတယ်။



"အသိပညာကြွယ်ဝခြင်းဟာ သင်ယူခဲ့ခြင်းရဲ့
အတိမ်အနက်ကို ဖော်ပြတယ်။
သင်ယူခြင်းကတော့ ကိုယ့်ပတ်ဝန်းကျင်နဲ့
ပတ်သက်တဲ့ ဗဟုသုတ အသစ်တွေကို
ရှာဖွေရယူခြင်းအပေါ် အခြေခံတယ်။
မှတ်ဉာဏ်ဆိုတာက အဲဒါတွေကို
ထိန်းသိမ်းထားခြင်းပဲ ဖြစ်တယ်။"

Arthur Winter,

Build Your Brain Power



"ဒီဇင်ဘာလမှာ
ကျွန်ုပ်တို့
နှင်းဆီပွင့်လေးတွေ
ရရှိနိုင်ဖို့အတွက်
ဘုရားသခင်က
ကျွန်ုပ်တို့အား မှတ်ဉာဏ်ကို
ပေးသနားတော်မူခဲ့ပါတယ်"

James Matthew Barrie,
Author



"ချည်ငင်ဖို့အတွက်
လွန်းဆံတစ်ခုရဲ့ အကူအညီမပါရင်
မရနိုင်သလို
ကျောက်သားမှာ မျဉ်းဆွဲသလို
ကြိုးစားသင်ယူခြင်း မရှိရင်
(လူတစ်ယောက်အတွက်)
ကြီးမားတဲ့ မှတ်သားနိုင်စွမ်းကို
မရနိုင်ပါဘူး"

George Herbert,

English Poet



"လူတစ်ယောက်
အမှန်တကယ် ပိုင်ဆိုင်တဲ့အရာဟာ
သူ့ရဲ့ မှတ်မိနိုင်တဲ့ စွမ်းရည်သာဖြစ်တယ်။
သူချမ်းသာလည်း မှတ်ဉာဏ်ကလွဲလို့
ဘာမှမရှိဘူး။
သူဆင်းရဲလည်း မှတ်ဉာဏ်ကလွဲလို့
တခြား ဘာမှ မရှိဘူး"

Alexander Smith,
Scottish Poet



"ထူးခြား ဆန်းကြယ်တယ်လို့ပဲ ပြောရမလား။
သူတစ်ပါးအပေါ် မိဘသဖွယ်
မေတ္တာထား ဂရုစိုက်တဲ့
ဗီဇစိတ်များရင် များသလောက်
ထားရင် ထားသလောက်
မှတ်မိနိုင်စွမ်းရည်ဟာလည်း
အံ့မခန်း တိုးတက်လာတယ်"

Richard Whatbly,
Author



"ခါးသီးမှုဒဏ်ကို
တာရှည်ခံစားရတဲ့
အရာတိုင်းဟာ
ပြန်စဉ်းစားရင်
ချိုမြိန်နေတတ်ပါတယ်"

Thmas Fuller,
Writer



"နေ့စဉ် ကျွန်ုပ်တို့ရဲ့
နေထိုင်ပြောဆို
လုပ်ကိုင်မှုတွေဟာ
သားသမီးတွေရဲ့
မှတ်ဉာဏ်ဘဏ်တိုက်ကို
အပေါင်းလက္ခဏာ ပြသစေပါတယ်"

Charles Swindoll,
Author



"သင့်ရဲ့မှတ်ဉာဏ်တွေကို
သင့်ရဲ့
မျှော်လင့်ချက် အိပ်မက်တွေထက်
ပိုမိုကြီးထွားလာအောင်
ဘယ်တော့မှ
ခွင့်မပြုလိုက်ပါနဲ့"

Doug Ivester,
Author




အောင်မြင်မှုဆိုတာ
သင်
ဘယ်ကို
သွားချင်တယ်ဆိုတာကို
သိတဲ့အသိက
ထွက်ပေါ်လာတာဖြစ်တယ်။
**မစ္စစတိဗ်ရှာလေ(၁၉၃၃-)**
***(အမှုဆောင်အမျိုးသမီး၊ )စာအုပ်မှ***



သင်ဘာကို
ပြီးမြောက်အောင်မြင်ချင်တာလဲဆိုတာကို
အရင်ဆုံး စဉ်းစား
ဆုံးဖြတ်ပါ။
ပြီးတော့ အဲဒါကို ရဖို့
အစီအစဉ်ရေးဆွဲပါ
ပြီးတော့ စတင်လုပ်ဆောင်ပါ။
အဲဒါဟာ သင့် ရှေ့ကို တိုးသွားနေတာပါပဲ။

**နန်စီအမ်**



အရေးကြီးဆုံးကတော့
ရည်မှန်းချက်တစ်ခုတည်း ထားရှိဖို့ပဲ။
အဲဒီရည်မှန်းချက်ဟာ တရားနည်းလမ်းကျပြီး
အသုံးဝင်တဲ့ ရည်မှန်းချက်ဖြစ်ဖို့တော့ လိုတယ်။
အဲသလိုဖြစ်ပြီဆိုရင်
အဲဒီရည်မှန်းချက် အောင်မြင်ဖို့
သင့်မှာ ရှိသမျှစွမ်းအား
အကုန်ထုတ်သုံးပြီး ကြိုးစားပေတော့။

**ဂျိမ်း အယ်လင်(၁၈၆၄-၁၉၁၂)**



ဘဝမှာ ဒါမှမဟုတ်
စစ်ပွဲမှာ ဒါမှမဟုတ်
အခြား ဘယ်ကိစ္စမဆိုမှာ
ရည်မှန်းချက်တစ်ခုတည်းထားပြီး
အခြားရည်မှန်းချက်အတွက် အားလုံးကို
အဲဒီတစ်ခုတည်းသော အထောက်အကူဖြစ်စေတဲ့
အရာများအဖြစ်သို့ ရောက်ရှိသွားအောင်
ပြုလုပ်မှသာလျှင် အောင်မြင်မှုဆိုတာကို
ရရှိနိုင်မှာ ဖြစ်တယ်။

**ဒွိုက်ဒီအိုက်ဆင်ဟောင်ဝါ(၁၈၉၀-၁၉၆၉)**



တစ်စုံတစ်ခုကို သင် အသည်းအသန်
လိုချင်နေတယ်ဆိုရင်
အဲဒါကို သင် မုချရမှာပဲ။
သင့် အရေပြားထဲက ပေါက်ကွဲထွက်လာပြီး
ကမ္ဘာကို ဖန်တီးတဲ့ စွမ်းအင်နဲ့
ပေါင်းစည်းသွားတဲ့ ထက်သန်တက်ကြွမှု
တစ်ခုနဲ့အတူ သင့် အဲဒါကို
အလိုရှိရမှာတော့ ဖြစ်တယ်။

**ရှိုလာ ဂရေဟာမ်**



# ဆန်းစစ်လေ့လာခြင်း

Marketing ဆိုတဲ့ စကားကို အခြေခံပါတယ်။ အရောင်းအဝယ်သဘောတစ်ခုတည်းပါတာ မဟုတ်ပါဘူး။ သင့်ရဲ့ ထုတ်ကုန်၊ ဝန်ဆောင်မှု၊ အကြံဉာဏ်တွေကို တစ်စုံတစ်ယောက်က ဝယ်ဖို့ပါ သလို၊ သင်က ဝယ်ချင်ရင်လည်း ဒီလိုပါပဲ။ ဒီအထဲမှာ သင်လည်း ပါဝင်ပြီး သင်ကိုယ်တိုင်လည်း ဖြစ်နေတတ်ပါတယ်။ ပြသခြင်းနဲ့ ကြည့်ရှုခြင်း အပြန်အလှန် သဘောတရားများနဲ့အတူ 'သိ'အောင် လုပ်ခြင်းပါ။ ပထမ သင့်ကိုယ်သင် ဆန်းစစ်လေ့လာပြီး သိအောင် လုပ်ရပါမယ်။ ဒုတိယကတော့ ပတ်ဝန်းကျင်ကိုပါ။ ဘယ်အရာက သင့်ကို တစ်သားတည်း ဖြစ်စေပါသလဲ။



"သင်ဟာ စားသုံးသူအကြောင်း၊
ပိုမိုနှစ်သက်စရာတွေအကြောင်း
တော်တော်များများ သိနိုင်ပေမယ့်
ဘယ်အချိန်မှာ သေးငယ်တဲ့
အချက်ကလေးတစ်ခုက
ပိုကောင်းတဲ့ ထုတ်ကုန်တစ်ခုကို
ဦးဆောင်မလဲဆိုတာတော့ မသိနိုင်ပါဘူး"

R.Stephen Fountaine
VP of Market Tesearch,
Kimberly-Clark Corp



"သင်ဟာ
သင့်အကြောင်းကို
အခိုင်အမာ ပြောဆိုနိုင်ပြီဆိုရင်
သင့်ရဲ့
စားသုံးသူ ဖောက်သည်
ပရိသတ်တွေကလည်း
ပြောနိုင်ပြီပေါ့"


Robert Shook.
Author of the Complere
Professional Salesman



"မိမိကိုယ်မိမိ ယုံကြည်မှု၊
ဒါမှမဟုတ် ယုံကြည်လောက်တဲ့ အာမခံချက်
မရှိရင် ကြီးမားတဲ့ သတ္တိ စွမ်းအားတွေ
ဖြစ်မလာနိုင်ဘူး။ တိုက်ပွဲရဲ့ တစ်ဝက်ဟာ
ကိုယ်တာဝန်ယူထားတာကို
ကိုယ်လုပ်နိုင်တယ်ဆိုတဲ့
ခိုင်မြဲတဲ့ သန္နိဋ္ဌာန်အပေါ်မှာ မူတည်တယ်"

Orison Swett Marden,


Founder of Success Magazine



"သင်ဟာ သင့်ပတ်ဝန်းကျင်ရဲ့ ထုတ်ကုန်တစ်ခုဖြစ်တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို အကောင်းဆုံးရုပ်လုံးပေါ်လာအောင် ထုဆစ်ပေးမယ့် ပတ်ဝန်းကျင်ကို ရွေးချယ်ရမယ်။ ကိုယ့်ရဲ့ ပတ်ဝန်းကျင် အခြေအနေတွေနဲ့ ကိုယ့်ဘဝကို သရုပ်ခွဲ ဆန်းစစ်နေရမယ်။ ဟုတ်ပြီ။ ဒီမေးခွန်းကို ဖြေကြည့်။ သင့်ကို ဝိုင်းရံနေတဲ့ အရာတွေဟာ သင့်အောင်မြင်အောင် ကူညီနေကြသလား။ ဒါမှမဟုတ် သင့်ကို နောက်ပြန်ဆွဲနေကြသလား?"

W.Clement Stone,

Business Executive and Writer



"လုပ်ငန်းမှန်သမျှ အဓိက
ဦးစားပေးဆောင်ရွက်ရမယ့်
အချက် နှစ်ချက်ပဲ ရှိတယ်။
ဆန်းစစ်လေ့လာခြင်းနဲ့
နည်းစနစ်သစ်တွေကို
ပြောင်းလဲတီထွင်ခြင်းပါ"

Peter Drucker,
Management Consultant



"သင့်ကိုယ်သင် ယုံကြည်မှုအပြည့်ရှိကြောင်း
သက်သေပြစရာတစ်ခုပဲ ရှိပါတယ်။
မိမိကိုယ်ကို သူတစ်ပါးတွေထံ ရောင်းချအပ်နှံလိုက်ပါ။
အဲဒီဆိုရင် သူတို့က သင့်ရဲ့ ယုံကြည်ချက်တွေရဲ့
နောက်မှာ ရပ်ပေးကြလိမ့်မယ်။ သင့်ကိုယ်သင်
မယုံကြည်တော့တဲ့ အချိန်ရောက်ရင်တော့
သူတစ်ပါးထံ ရောင်းချအပ်နှံခြင်းကို ရပ်စဲလိုက်ပါ"

Dorothy Leeds,

Author



အောင်မြင်မှုမှာ
အရေးကြီးဆုံးနဲ့ တစ်ခုတည်းသော
ပါဝင်ပစ္စည်းကို ပြောပါဆိုရင်
ကျွန်တော်ကတော့
လမ်းမှန်ကမ်းမှန် အသုံးပြုတဲ့
ခွန်အားလို့ပဲ ပြောမယ်။
**လူး ဝစ္စ ဘီလန့်ဒေါက်**



အောင်မြင်မှုရဲ့
တကယ့် လျှို့ဝှက်ချက်က
စိတ်အားထက်သန်မှု ဖြစ်တယ်။
ဟုတ်ကဲ့။
အဲဒီထက် ပိုအရေးကြီးတာကို
ပြောပါဆိုရင်
စိတ်လှုပ်ရှားတက်ကြွမှုလို့
ကျွန်တော်ပြောမယ်။

**ဝေါ်လ်တာ ခရိုက်စလာ(၁၈၇၅-၁၉၄၀)**



ကြီးမြတ်တဲ့ အမျိုးသားကြီးတွေ၊ ထင်ရှားကျော်ကြားတဲ့ အမျိုးသမီးကြီးတွေရဲ့ ဘဝတွေကို ကျွန်တော်လေ့လာကြည့်လိုက်တော့ ထိပ်ဆုံးကို ရောက်သွားတဲ့လူတွေဆိုတာ သူတို့ လက်ထဲမှာ ရှိနေတဲ့ အလုပ်တွေကို သူတို့ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ခွန်အား၊ ထက်သန်မှုနဲ့ ကြိုးစားမှုအားလုံးကို ရင်းနှီးမြှုပ်နှံပြီး လုပ်လေ့ရှိတဲ့ သူတွေ ဖြစ်ကြတယ်ဆိုတဲ့ အချက်ကို ကျွန်တော် သွားတွေ့တယ်။

ဟယ်ရီ အက်စ် ထရူးမင်း(၁၈၈၄-၁၉၇၄)



အောင်မြင်မှုဆိုတာ အလုပ်တစ်ခုကို
တားဝတ်နေရေးအတွက်သာမက
အဲဒီအလုပ်ဟာ သူ့ရဲ့
ဝါသနာတစ်ခုနီးပါ ဖြစ်လာလောက်အောင်
စိတ်လှုပ်ရှားစရာကောင်းတဲ့ စိန်ခေါ်အကဲစမ်းမှုကို
အဲဒီအလုပ်ထဲမှာ ရှာဖွေတဲ့
လူများထံသို့သာ
ရောက်ရှိလာတတ်စမြဲ ဖြစ်တယ်။

**မာဂျူရီဟတ်ဖ်ိထ်(၁၉၁၃-၁၉၈၉)**
***(ဟန်ဝိန်ပ်ဆိုတာမရှိ)စာအုပ်မှ***




သင်လုပ်နေတဲ့ အလုပ်ကို
သင် ပိုပြီး
မြတ်နိုးတွယ်တာလေလေ
အဲဒီ အလုပ်မှာ
သင် ပိုပြီး
အောင်မြင်လေလေပဲ။

**ဂျယ်ရီ ဂစ်ထိမ်**



# စေ့စပ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခြင်း

အမှန်တော့ စေ့စပ်ဆွေးနွေးခြင်းဟာ ကျောင်းကပွဲတစ်ခုနဲ့ တူပါလိမ့်မယ်။ တစ်ယောက်ချင်းရော၊ အစုအဖွဲ့နဲ့ရော စုပေါင်း တင်ဆက်တာဖြစ်တော့ ပိုပြီးမြိုင်ဆိုင်သွားတာပေါ့။ သင်က စဉ်းစား နေလိမ့်မယ်။ ဘယ်အချိန်မှာ လုပ်ရင် ကောင်းမလဲလို့။ စေ့စပ်ဆွေးနွေးခြင်းရဲ့ အကျိုးတရားကို သေသေချာချာ သဘောပေါက် သွားရင် အချိန်တိုင်း၊ နေ့တိုင်း လုပ်ရမယ့် အလုပ်ဆိုတာ သိလာ ပါလိမ့်မယ်။



"ဖယောင်းတိုင် တစ်တိုင်ဟာ
အခြား ဖယောင်းတိုင်တစ်တိုင်ရဲ့
အလင်းနဲ့ ကူးဆက်ထွန်းညှိပေးခြင်း
မခံရရင်
ဘယ်လိုလုပ်
အလင်းတန်းတွေ
ဖြာဝေနိုင်မှာလဲ"

Earl Nightingale,

Writer



"ကောင်းမွန်တဲ့ စိတ်ထားကို
မြင်သာအောင် ပြသနိုင်ခြင်းဟာ
စေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်အောင်မြင်ဖို့အတွက်
ကြီးမားတဲ့ အင်အားဖြစ်တယ်။
ဘယ်သူ့ကိုမှ သင့်ရဲ့ အပြုအမူနဲ့
သဘောထားအပေါ်
ကန့်သတ်ချုပ်ချယ်ခွင့် မပေးနဲ့"

Dr. S.U Sunrei,
Chinese Writer




"အလိမ်အညာ မုသားတွေသုံးပြီး
အောင်မြင်ရတာထက်စာရင်
စည်းမျဉ်းစည်းကမ်းနဲ့
မညီလို့ ရှုံးနိမ့်ရတာကမှ
ပိုကောင်းပါသေးတယ်"

Arthur Colwell




"စေ့စပ်ဆွေးနွေးပွဲမှာ
သံတမန်ဆန်ဆန်ပုံစံမျိုး
ခင်းကျင်းလာမယ်ဆိုရင်တော့
တစ်ဘက်သတ် တောင်းဆိုရယူတယ်လို့
ခံစားရတတ်ပါတယ်။
အဖွဲ့အစည်းတွေကိုလည်း စိုးရိမ်မှုတွေ
ငိုလာစေလို့ သဘောတူညီမှုထက်
သဘောမတူမှုက များတတ်ပါတယ်"

Dean Acheson,
U.S. stateman



"အမှန်တရားထက်ပိုပြီး
ရက်စက်ရိုင်းစိုင်းရာကျတဲ့
အရာတစ်ခု ရှိနေသေးတယ်ဗျ။
အဲဒါကတော့ အမှန်တရားထက်လျော့ပြီး
ကောက်နုတ်ပြောဆို
ဖော်ပြခြင်းပဲ ဖြစ်ပါတယ်"
Yi-Grace atkinson,
Writer



"လူတစ်ယောက်ဟာ
သူ့ကိုယ်သူတောင်
ထိတွေ့ဆက်စပ်မှု
မရှိမှတော့
တခြားသူတွေနဲ့
ထိတွေ့ဆက်စပ်မှု
မလုပ်နိုင်ပါဘူး"

Anne Morrow Lindbergh,
Writer



ငွေနဲ့ကျော်ကြားမှုကို
ရရှိဖို့အတွက် အောင်မြင်မှုကို
ကျွန်မဘာယ်တော့မှ မရှာဘူး။
အောင်မြင်မှုမှာ အရေးကြီးတာက
ပင်ကိုယ်အရည်အချင်းနဲ့
အောင်မြင်မှုကို ဆာလောင်မွတ်သိပ်မှုပဲ။
စတိဗ်အိုဝက်(၁၉၅၅)



မြင်းတစ်ကောင်ရဲ့ အသိစိတ်နဲ့
ဇွဲ လုံ့လ ဝီရိယတို့နဲ့ ကျောထောက်နောက်ခံ
ပြုပေးထားတဲ့ ထက်သန်တက်ကြွမှုကို
အမြဲတောက်လောင်နေအောင် လုပ်ထားခြင်းဟာ
အောင်မြင်မှုရရှိရေးမှာ အမြဲလိုလို
လိုအပ်တဲ့ အရည်အသွေးဖြစ်တယ်။

ဒေးလ်ကာနက်ဂီ




လူတွေဟာ မကြာခဏဆိုသလို
စိတ်အားထက်သန် တက်ကြွကြပါတယ်။
တစ်ယောက်က မိနစ်သုံးဆယ်လောက်
ထက်သန်တက်ကြွတယ်။
ဒါပေမယ့် ဘဝမှာ အောင်မြင်တဲ့လူဆိုတာကတော့
နှစ်သုံးဆယ်လောက်
ထက်သန်တက်ကြွတဲ့လူသာ ဖြစ်တယ်။

**အက်ဒဝ် ဘီ ဘတ်တလာ**



ကျွန်တော်ကတော့
စိတ်အားထက်သန်မှုကို
အဆင့်သတ်မှတ်ရာမှာ
သက်ဆိုင်ရာလုပ်ငန်း
ကျွမ်းကျင်မှုစွမ်းရည်ရဲ့
အထက်မှာတောင် ထားတယ်။

**ဆာအက်ဒဝပ် အက်ပဲလ်တန်(၁၈၉၂-၁၉၆၅)**



အောင်မြင်မှုဆိုတာ
သူ့အလိုအလျောက်
လောင်မြိုက်မှုရဲ့
ရလဒ်တစ်ခုမဟုတ်ဘူး။
သင်ဟာ သင့်ကိုယ်သင်
မီးရှို့လောင်မြိုက်စေမှသာ
အောင်မြင်မှုကို ရရှိမှာ ဖြစ်တယ်။

**ရက်ဂေးလီချ်**



# ဝန်ဆောင်မှုပေးခြင်း

အောင်မြင်ခြင်းရဲ့ အသက်အပါဆုံး နောက်ဆုံးလျှို့ဝှက်ချက် တစ်ခုပါ။ ဝန်ဆောင်မှုပေးတယ်ဆိုတာ တစ်ဘက်သားကို ကူညီခြင်း ဖြစ်ပါတယ်။ ကူညီပုံ အမျိုးမျိုး ရှိပါတယ်။ ကိုယ့်ရဲ့ ပင်ကိုစွမ်းရည်တွေ၊ အသိပညာတွေ၊ အတွေ့အကြုံတွေကို ပတ်ဝန်းကျင်ကောင်းကျိုးအတွက် မျှဝေဖြန့်ဖြူးခြင်းဆိုရင် ပိုသဘာဝကျပါတယ်။ ဝန်ဆောင်မှုပေးတာ ကောင်းပါတယ်။ လုပ်သင့်ပါတယ်။ ဒါပေမယ့် တစ်ဘက်ကလည်း အများအကျိုး မသက်ရောက်တဲ့ ဝန်ဆောင်မှုမျိုးပါနေလားလို့ ရှာဖွေဆန်းစစ်ရပါမယ်။ ကိုယ့်'အား' တွေ အလဟဿ မဆုံးဘူးပေါ့။ စဉ်းစားဖို့နော်။



"ပေးကမ်းမျှဝေမှုကင်းတဲ့ဘဝကို
အသက်ရှင်နေတဲ့ဘဝလို့ မပြောနိုင်ဘူး။
လူတစ်ယောက်ဟာ
ပေးကမ်းမျှဝေနေတယ် ဆိုပါစို့။
သူဟာ သင်ခန်းစာလုပ်တာ မဟုတ်ဘူး။
သူ့ဘဝကို မြှင့်တင်နေတာ ဖြစ်ပါတယ်။"

Stephen S. Wise,
Clergyman and Activist



"အခြားသူတစ်ယောက်အတွက်
ကြီးမားတဲ့ ကောင်းကျိုးတစ်ခု
သင့်ပြုလိုက်နိုင်တယ်ဆိုတာ
သင့်ရဲ့ ကြွယ်ဝမှုကို ခွဲဝေပေးခြင်းဖြစ်ရုံသာမက
သူ့ကိုလည်း သူ့ရဲ့ ပိုင်ဆိုင်မှုကို
ဖော်ထုတ်ပြသပေးလိုက်တာ ဖြစ်ပါတယ်"

Benjamin Disraeli,
British Prime Minister



“သနားချစ်ခင်စွာ ပြောဆိုခြင်းက
ယုံကြည်မှုကို ဖန်တီးပေးတယ်။
သနားချစ်ခင်စွာ တွေးတောခြင်းက
နက်ရှိုင်းတဲ့ ထိုးထွင်းဉာဏ်ကို ဖန်တီးပေးတယ်။
သနားချစ်ခင်စွာ ပေးကမ်းခြင်းက
မေတ္တာတရားကို ဖန်တီးပေးပါတယ်။”

Leo - Tzu,
Chinese Philosopher



"လူတစ်ယောက်ဟာ သူ့ရဲ့ ကျွမ်းကျင်မှု။
သူ့ရဲ့ ဉာဏ်ကွန့်မြူးနိုင်မှုကို
အသုံးပြုတဲ့အခါ တစ်ဒေါ်လာအတွက်
ငါ ဘယ်လောက်နည်းနည်းပေးရမလဲလို့ မတွေးဘဲ
တစ်ဒေါ်လာအတွက် ငါ ဘယ်လောက် အများဆုံး
ပေးနိုင်မလဲလို့ တွေးတယ်ဆိုရင် သူဟာ
အောင်မြင်မှုနယ်နိမိတ်ဆီကို သွားနေပါပြီ"

Henrt Ford,

Industrialist




"ရေတစ်ပေါက်ဟာ လှိုင်းအပြည့်နဲ့
သမုဒ္ဒရာကြီး ဖြစ်လာအောင် ကူညီပေးတယ်။
မီးစွယ်လေး တစ်စွယ်ဟာလည်း
ကမ္ဘာကြီးကို အလင်းရောင်ပေးနိုင်ဖို့
ကူညီပေးတယ်။ ဝန်ဆောင်မှုပေးရာမှာ
ဘယ်အရာမှ သေးငယ်လွန်း၊ အားနည်းလွန်း
ဆင်းရဲလွန်းတယ်ဆိုတာ မရှိဘူး။
ဒီလိုတွေးပြီး ဆောင်ရွက်လိုက်စမ်းပါ"

Hannah Moore,
English Novelist



"စစ်မှန်တဲ့ ဝန်ဆောင်မှုကို
ပေးမယ်ဆိုရင် ငွေနဲ့ဝယ်လို့ မရတဲ့၊
ငွေနဲ့ တိုင်းတာလို့ မရတဲ့ အရာတစ်ခုခုကို
သင်ပေါင်းထည့်ပေးလိုက်ရမယ်။
အဲဒါက ရိုးသားဖြူစင်မှုနဲ့
စစ်မှန်တဲ့ စေတနာပါပဲ"

Douglas Adams,
English Novelist




စိတ်အားထက်သန်မှုမပါဘဲ
ဘယ်လိုကြီးကျယ်တဲ့ အောင်မြင်မှုမျိုးမှ မရှိနိုင်။
ဘဝရဲ့ နည်းလမ်းက
အံ့ဩဖို့ကောင်းတယ်။
အဲဒါက လက်လွှတ်ပစ်ပယ်လိုက်ခြင်းနားမှာ
ရှိတယ်။

**ရင်လ်ဖ် ဝယ်လ် ဒို အီမာဆင်(၁၈၀၃-၁၈၈၂)**



မင်းလဲကျတာကို
ငါ စိတ်မပူပါဘူး။
မင်း ပြန်မထမှာကိုပဲ
ငါ စိတ်ပူတယ်။

အဗရာဟင်လင်ကွန်း(၁၈၀၉-၁၈၆၅)



သင် တစ်ခုခုကို ရအောင်
ကြိုးစားတယ်ဆိုရင်
ပထမဆုံးအကြိမ်မှာ
သင်အဲ့ဒါကို ရလေ့မရှိဘူး။

•

ဒီအခြေအနေမှာ
သင်လက်မြှောက်ပြီး ထွက်ခွာသွားမယ်ဆိုရင်တော့
သင် အဲ့ဒါကို ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး။

**ဘရင်ဒါဘတ်စ်**

***(မတက်နိုင်လောက်အောင် မြင့်တဲ့တောင်ဆိုတာမရှိ) စာအုပ်မှ***




အောင်နိုင်သူတိုင်းမှာ
အမာရွတ်တွေ
ရှိတယ်။

ဟားဘတ် အင်န်ကက်ဆွန်



အောင်မြင်မှုထဲမှာ သင်လဲကျတဲ့
အကြိမ်အရေအတွက်ထက်
တစ်ကြိမ်လောက်ပိုပြီး
ပြန်လည် ရုန်းထမှုပါဝင်တယ်။

**အိုလီဗာ ဂိုးလ်စမစ်သ်(၁၇၂၈-၁၇၇၄)**



# အချိန်ကိုအသုံးချခြင်း

အချိန်ဟာ ရွှေထက် အဖိုးတန်တယ်လို့ သိနေပြောနေကြပြီး အချိန်ကို အသုံးမချတတ်တာဟာ ဆုံးရှုံးမှုတစ်ခုပါပဲ။ အချိန်ရဲ့ ဝါးမျိုစားသောက်ခြင်း ခံလိုက်ရတာပဲ ဖြစ်ပါတယ်။ ဒီတော့ စက္ကန့်တိုင်းမှာ ကိုယ်လုပ်နိုင်သလောက် လုပ်ကြရမယ်ဆိုတာ ဒီအခန်း၊ ဒီနည်းလမ်းရဲ့ သော့ချက်ဖြစ်ပါတယ်။



"သင့်ရဲ့ ပိုနေတဲ့ အချိန်ငယ်လေးတွေကို ကောင်းကောင်းစောင့်ရှောက်ပါ။ သူတို့ဟာ မသွေးရသေးတဲ့ စိန်ရိုင်းလေးတွေပါ။ သူတို့ကို ပစ်ပယ် ထားလိုက်ရင် သူတို့ရဲ့ တန်ဖိုးတွေ ဘယ်တော့မှ ပြန်ပေါ်လာမှာ မဟုတ်ဘူး။ သူတို့ကို အကျိုးရှိရှိ သုံးစွဲမယ်ဆိုရင်တော့ အသုံးဝင်တဲ့ ဘဝတစ်ခုရဲ့ တောက်ပတဲ့ ရတနာလေးတွေ ဖြစ်လာပါလိမ့်မယ်"

Ralph Waldo Emerson,

Philosophr and Poet



"အချိန်ဟာ
အောင်မြင်မှုကို ရစေတဲ့
အရှားပါးဆုံးပစ္စည်းဖြစ်ပါတယ်။
မဟုတ်ဘူးဆိုလျှင်တောင်မှ
သူ့ကို စီမံခန့်ခွဲလို့ရတယ်။
အချိန်ကလွဲပြီး စီမံခန့်ခွဲမှုကို
နာခံတာ ဘာမှမရှိဘူး"

Peter F. Drucker

Writer and Management Consultant




"တစ်နာရီဆိုတဲ့
အချိန်ကို
ဖြုန်းတီးပစ်ရဲတယ်ဆိုရင်
အဲဒီလူဟာ
ဘဝတန်ဖိုးကို
ရှာတွေ့မှာ မဟုတ်ဘူး"
Charles Darwin,
Naturalist



"ကျွန်တော်ရဲ့ ဘဝတစ်သက်တာမှာ
အပျော်ရွှင်ဆုံးအချိန်ဆိုတာ
အနည်းငယ်သာရှိခဲ့ပါတယ်။
အဲဒီအချိန်တွေကတော့
အိမ်မှာ ကျွန်တော့်မိသားစုနဲ့အတူ
ချစ်ချစ်ခင်ခင်နေခဲ့ရတဲ့
ကာလလေးတွေပါ"


Thomas Jefferson,

U.S. President



"ဒီနေ့နဲ့ နောက်နေ့အတွက်
သင်လုပ်ရမယ့်
အလုပ်တွေကို
အချိန်ဇယားလုပ်ထားပါ။
ပြီးရင် အချိန်ဇယားမှာပါတဲ့အတိုင်း
လုပ်ပါ"

Norman Vincent Peale,
Author and Clerygyman



"သင် တစ်ခုခုကိုလုပ်ဖို့အတွက်
အချိန်ကို
ဘယ်တော့မှ
ရွေးနေ ရှာမနေနဲ့။
သင် အချိန်ကို လိုချင်ရိုးမှန်ရင်
ကိုယ့်ဟာကိုယ်
လုပ်ယူလိုက်"

Charles Buxton,

Stateman, Writer, and Social Reformer



"တစ်နာရီမှာ စိတ်စက္ကန့်ခြောက်ဆယ်
စီချယ်ထားတဲ့ ရွှေနာရီ ၂ နာရီနဲ့တူတဲ့
နေထွက်ချိန်နဲ့ နေဝင်ချိန်ကြားက နေရာလေးတစ်ခု၊
မနေ့ကဆိုတဲ့ အချိန်ဟာ
ဆုံးရှုံးကွယ်ပျောက် သွားခဲ့ပါပြီ။
ဒီအချိန်တွေဟာ တောင်းဆိုလို့လည်း
ပြန်လှည့်လာမှာ မဟုတ်ဘူး
သူတို့ဟာ အပြီးတိုင် ထွက်သွားကြပြီ"

Horace Mann,

Educator



"အလှည့်အပြောင်း၊ အမှုမဟုတ်
အခါအခွင့်ပေးတဲ့ အခြေအနေတိုင်းမှာ
တန်ဖိုးတွေ ပိုထွက်လာပါစေ။
ပိုထွက်လာအောင် လုပ်ပါ။
အတိတ်အပေါ်မှာ တည်ဆောက်ထားတဲ့
ပစ္စုပ္ပန်ဆိုတာ
အမြဲရှိနေတယ်"

Barry Farber,
Writer



သူရိယနေမင်းကြီးထဲမှာ
နေရာတစ်ခု
သင် အလိုရှိတယ်ဆိုရင်
အပူလောင်မှု
နည်းနည်းကိုတော့
သင် ခံနိုင်ရမှာပေါ့။

**အဘီဂေးလ်ဗင်ဘူရင်**



ကျွန်တော်ရဲ့ အောင်မြင်မှုမှာ လျှို့ဝှက်ချက်တစ်ခု၊ အရေးပါတဲ့ ပါဝင်ပစ္စည်းတစ်ခု၊ ဒါမှမဟုတ် ကိုယ်ပိုင် အယူအဆတစ်ခုရှိတယ်ဆိုရင် အဲဒါဟာ 'ဟုတ်တယ်' လို့ ကြားရမယ့် ကိစ္စတစ်ခုမှာ 'မဟုတ်ဘူး' ဆိုတဲ့ အဖြေကို ဘယ်တော့မှ လက်မခံပါနဲ့ ဆိုတဲ့ အတွေး အခေါ်ပဲ ဖြစ်လိမ့်မယ်။

**ဂျွန် ဂျက်ဆင် ဓရမ္မဟာ**



အရောက်ဆိုးဆုံး အခြေအနေ ရောက်သွားတဲ့ အခါ အဲဒါဟာ စိတ်သက်သာမှုတစ်ခုပါပဲ။ အကြောင်းကတော့ အဆိုးဆုံးအခြေအနေဟာ ဘာဆိုတာကို သင်သိထားပြီးပြီ။ ဒီတော့ အဲဒီကနေ ပိုကောင်းတဲ့ အခြေအနေ ပေါ်ပေါက်လာအောင် စတင်စီစဉ် ဆောင်ရွက်နိုင်ပြီလေ။

အီလီနို၊ ပရွားအမ် ဗော်းတုံလ်(၁၈၇၈-၁၉၃၃)



ရွှေကိုတွေ့ဖို့ ရေဒီယမ်ကို ရှာရမယ်။
စိန်ကိုတွေ့ဖို့ စိန်ရှာသူဟာ
စိတ်ပျက်လောက်စရာ
ရွှံ့ညွှံ့တန်ချိန်ပေါင်းများစွာကို
ဖယ်ရှားဖို့ လိုအပ်တယ်။


ပင်ဘာရောင်း၊(၁၉၂၈-)



ခလုပ်ကန်သင်း အစွန်းအငုတ်တွေဟာ
သူတို့ချည်းပဲဆိုရင်
သိပ်အန္တရာယ်ရှိတာ မဟုတ်ပါဘူး။
သူတို့မှာ ကပ်နေတဲ့ အမှိုက်သရိုက်တွေက
သူတို့ကို ပြဿနာဖြစ်အောင် လုပ်နေတာပါ။
သင့် ခြေထောက်မှာ လာငြိနေတဲ့
အဲဒါတွေကို ဖယ်ရှားပြီး ရှေ့ဆက်သွားပါ။

**အန်းရှန်နွန် မွန်ရိုး**

***(မိုးရေထဲသီချင်းဆိုခြင်း)စာအုပ်မှ***



# တီထွင်ဖန်တီးနိုင်စွမ်း

လူတိုင်းမှာ ဉာဏ်ရည်ဉာဏ်သွေးတွေ ရှိကြတယ်။ ဓား တစ်လက်လို သဘောထားကြည့်ပါ။ သွေးလည်း သွေးနေရမယ်။ ခုတ်လည်း ခုတ်ရမယ်လေ။ ဒီလိုပါပဲ။ ပြသနိုင်ကြပါစေ။ ကောင်း တဲ့အရည်အသွေးသာ မှန်လို့ကတော့ ပိတ်ဆို့ခံနေရသည့်တိုင် ဘောလုံးတိုက်စစ်မှူး တစ်ယောက်လို ကိုယ့်အရည်အချင်းကို ထုတ်ဖော်ပြသပါ။



"ဝေခွဲမရ ဖြစ်နေပြီဆိုရင် အရူးတစ်ယောက်လို နေပစ်လိုက်။ တောက်ကြွားတဲ့ လူသားတစ်ယောက်နဲ့ ကမ္ဘာပေါ်မှာ အမိုက်မဲ အထုံထိုင်းဆုံးလို့ သတ်မှတ်ခံရတဲ့ လူတစ်ယောက်ကြားမှာ (အနုကြည့် မှန်ဘီလူးနဲ့ ကြည့်ရမတတ်) အလွန်သေးငယ်တဲ့လိုင်း (မျဉ်းကြောင်း) လေးတစ်ခု ရှိနေတယ်။ ဒါကြောင့် ဘာငဲရဲဖြစ်ဖြစ် ခုန်ဆင်း ခုန်တက်နိုင်တယ်"

Cynthia Heimel,

Writer and Humorist



"တီထွင်ဖန်တီးနိုင်စွမ်း (Creativity) ဆိုတဲ့ စကား ဟာ မှန်မှန်လုပ်ကိုင်ဆောင်ရွက်မှုနဲ့ ပေါင်းစပ်ထားတဲ့ စကားလုံးသက်သက်မျှသာဖြစ်တယ်။ လုပ်ကိုင်ဆောင် ရွက်မှုတိုင်းတာလည်း လုပ်ကိုင်သူရဲ့ ဂရုစိုက်မှု၊ လုပ် ဆောင်ချက် မှန်ကန်မှု သို့မဟုတ် ကောင်းမွန်မှုအပေါ် မူတည်ပြီး ဖန်တီးမှု ဖြစ်သွားတာပါ"

John Upoixe,


Author



"တီထွင်မှုဆိုတာ တစ်ခါတစ်ရံတော့လည်း
နောင်တစ်ချိန်အတွက်
ဦးတည်ပေးရုံသက်သက်မျှလည်း
ဖြစ်သွားတတ်ပါတယ်။ ဘယ်နဲ့ ညာ
ရှူးဖိနပ်တစ်စုံ ဖြစ်လာဖို့အတွက် အနည်းဆုံး
ရာစုနှစ်တစ်ခုကျော်ကျော်
တွေးတောကြံဆခဲ့ရတယ်ဆိုတာ သင်
သိပါသလား?"

Bernice Fitz - Gibbon,

Advertisinbg Executive



"တီထွင်ဖန်တီးနိုင်စွမ်းဟာ
ပြဿနာအားလုံးနီးပါးကို
ဖြေရှင်းနိုင်စွမ်းလည်း ရှိပါတယ်။
တီထွင်ကြံဆတဲ့အတတ်၊ စစ်မှန်မှုဖြင့်
အောင်မြင်အောင် ဆောင်ရွက်တဲ့ အလေ့အကျင့်၊
ဒါတွေဟာ အရာရာကို အနိုင်ရတတ်ပါတယ်"


George Lois,

Author



"တီထွင်မှုဟာ
ယုံကြည်မှုကနေ စတင်တာဖြစ်တယ်။
ကိုယ့်ရဲ့ ထိုးထွင်းဉာဏ်ကို
ကိုယ်ယုံရမယ်။
ပြီးတော့ ကိုယ်လုပ်တာထက် ပိုပြီး
မျှော်လင့်တာမျိုး လုံးဝမဖြစ်စေနဲ့။"

Rita Mae Brown,
Author



"လူ့အဖွဲ့အစည်းမှာ ကျုပ်တို့
အကြောက်ဆုံးအရာတွေ ရှိတယ်။
မကျေမချမ်း ဝေဖန်ပြောဆိုမှုတွေ၊
နှောင့်ယှက်ကန့်ကွက်မှုတွေ၊
ညှိနှိုင်းဖြေရှင်းလို့မရနိုင်တာတွေ စသည့်
အရာတွေအားလုံးဟာ တီထွင်ကြံဆမှုကို အစပြုစေတဲ့
မူလအခြေခံတွေပဲ ဖြစ်တယ်"

Mary Wheatly,

Leadership and the New Science



"တီထွင်ကြံဆတယ်ဆိုတာ
တစ်ခုတည်းကို ဇောင်းပေးပြီး
ရှာနေခြင်းမဟုတ်ပါဘူး။
အဲဒီတစ်ခုကို ရှာတွေ့ပြီးတဲ့နောက်
နောက်ထပ်ထွက်ပေါ်လာတဲ့
အရာတွေကိုပါ
ကြည့်ခြင်းဖြစ်ပါတယ်။"


James Russell Lowell,
U.S. Diplomat and Writer




ကြီးစွာသော ဒုက္ခတွေ၊ စိတ်ပျက်အားငယ်မှုတွေနဲ့ ကြုံတွေ့နေရတဲ့ အခြေအနေမှာ ကြမ်းပြင်ပေါ်က ရုန်းထပြီး ငါ့ဘာကြောင့် အမြဲတမ်း ရှုံးနိမ့်နေရတာလဲ ဆိုတာနဲ့ ပတ်သက်တဲ့ သင့် မှတ်ဉာဏ်ထဲက အတွေးကို အပြီးတိုင် မေ့ဖျောက်ပစ်လိုက်နိုင်ပြီဆိုရင် သင့်ဆီမှာ အောင်မြင်မှုအတွက် အခွင့်အလမ်းကောင်းတစ်ခု ရှိနေပြီလို့ ကျွန်ုပ် ယုံကြည်တယ်။

မာဂျရီ ဟတ်စ်ထ်(၁၉၁၃-၁၉၈၉)

*(ဗန်ဗီနပ်ဆိုတာမရှိ)စာအုပ်မှ*



အခက်အခဲ အတားအဆီးတွေကို
ရင်ဆိုင်ကျော်လွှားဖို့
အဆင်သင့်မရှိတဲ့သူ၊
ပြီးတော့ တာဝန်တွေကို ထမ်းဆောင်ဖို့
ကြိုတင် ပြင်ဆင်မထားတဲ့သူ
ဘယ်သူမှ အောင်မြင်သူ
ဖြစ်လာမှာ မဟုတ်ဘူး။

**ဝိလျံ ဂျေ အိတ်ချ် ဘိုအက်ချာ**



အောင်မြင်နေတဲ့
စီးပွားလုပ်ငန်းတစ်ခုကို
မြင်တဲ့အခါတိုင်း
တစ်ယောက်ယောက်ဟာ
တစ်ခါတုန်းက
ရဲရင့်တဲ့ဆုံးဖြတ်ချက်တစ်ခုကို
ချမှတ်တယ်ဆိုတဲ့အချက်ကို
သတိရပါ။

ပီတာ ဒရပ်ကာ




အောင်မြင်မှုဆိုတာ
ချွေး (၉၉%)နဲ့
လိပ်ပြာနိုးမှု (၁%)
ပေါင်းစပ်ထားတဲ့ အရာ။

**အမည်မသိစာဆို**



အောင်မြင်သူတွေနဲ့ မအောင်မြင်သူတွေကို ခွဲခြားထားတဲ့ တစ်ခုတည်းသော အရာဟာ ပြင်းထန်စွာ ကြိုးစားအားထုတ်လုပ်ကိုင်ဖို့ ဆန္ဒရှိခြင်းသာ ဖြစ်တယ်ဆိုတာကို သင့်စိတ်ထဲ စွဲမြဲယုံကြည်သွားအောင် ကျွန်ုပ်လုပ်ခဲ့ပြီးပြီလို့ သင်ယုံကြည်ဖို့ ကျွန်ုပ်မျှော်လင့်တယ်။

**ဟယ်လင် ဝါရဲလ အာချောင်း၊**




# ပြောင်းလဲခြင်း

ပြောင်းလဲတယ်ဆိုတာ လောကနိယာမ အမှန်တရားတစ်ခုပါ။ လူသားတွေ အပါအဝင် သက်ရှိသက်မဲ့ အားလုံးဟာ အချိန်ရဲ့ ဝါးမြိုခြင်း ခံကြရတာပါ။ ဘယ်တန်ခိုးရှင်မှ တားလို့မရပါဘူး။ ပြောင်းလဲတတ်တဲ့ လောကကြီးထဲမှာ ရုန်းကန်လှုပ်ရှားနေကြရသူတွေဟာ မိမိအတွက်၊ သူတစ်ပါးအတွက် ကောင်းကျိုးမင်္ဂလာတွေ ဘယ်လိုရယူသင့်သလဲလို့ စဉ်းစားထိုက်ပါတယ်။



"သင်ဟာ
ပြောင်းလဲမှုတွေကို
ကျော်ဖြတ်သွားနိုင်ပြီဆိုရင်
သင်ဟာ
လွတ်မြောက်သူတစ်ဦးလည်း
ဖြစ်သွားပါပြီ"

Bruce Barton,
Advertising Executive



"ကျွန်တော်ဟာ လေတိုက်ရာအရပ်၊ လေတိုက်နှုန်း စတဲ့ လေနဲ့ပတ်သက်တာတွေကို စီစဉ်ညွှန်ကြားနိုင်စွမ်း မရှိပါဘူး။ ဒါပေမဲ့ ပင်လယ်ခရီးမှာ ကျွန်တော်ရဲ့ ရွက်တွေကို ချိန်ညှိပြီး သွားလိုရာခရီးကို ရောက်အောင် အမြဲသွားနိုင်ခဲ့ပါတယ်။

Jimmmy Dean,

Enter tainer



"ပြောင်းလဲခြင်းဆိုတာ ဘဝနိယာမ တစ်ခုပါ။
ဒါကြောင့်လည်း
အတိတ် (သို့) ပစ္စုပ္ပန်တစ်ခုတည်းကို
ကြည့်တတ်သူတွေဟာ
သေချာပေါက် အနာဂတ်နဲ့
လွဲကုန်ကြတာဖြစ်တယ်"

John F. Kennedy,
U.S. President



"ပြောင်းလဲမှုအားလုံးဟာ
သဘာဝကို ကျော်လွန်တဲ့
အံ့ဩစရာတစ်ခုဖြစ်နေလို့
သေသေချာချာ စဉ်းစားသင့်တဲ့ အရာဖြစ်တယ်။
ပြီးတော့ အံ့ဩစရာတစ်ခုက
စက္ကန့်တိုင်းမှာ
နေရာယူတဲ့အရာ ဖြစ်နေပြန်တယ်။
Henry David Thoreau,
Philosopher and Author




"ပညာရှိတစ်ယောက်ဟာ
သူ့ရဲ့စိတ်ကို
အမြဲတမ်း
ပြောင်းလဲနေပေမယ့်
သူရူးတစ်ယောက်ကတော့
ဘယ်တော့မှ
ပြောင်းမှာ မဟုတ်ဘူး"

Spanish Proverb



"ဗဟုသုတ ကြွယ်ဝချင်ရင်
အရာရာကို နေ့စဉ်နေ့တိုင်း
စုဆောင်းနေပါ။
ပညာနဲ့ပြည့်စုံချင်ရင်တော့
အရာရာကို နေ့စဉ်နေ့တိုင်း
ဖယ်ရှားပစ်ပါ။
-Maya Angelou,
Poet and Author



"တစ်စုံတစ်ခုကို
မကြိုက်ရင်
ပြောင်းလဲပစ်လိုက်။
တကယ်လို့
မပြောင်းလဲနိုင်ရင်
သင့်အမြင်သဘောထားကို ပြင်လိုက်။
ညည်းမနေနဲ့။"

Barry Farber,
Writer



"အပြောင်းအလဲဆိုတာက
သင့်ကို စိန်ခေါ်တာမျိုး
ဒါမှမဟုတ် သင့်ကို
ကြိမ်းမောင်းခြောက်လှန့် သတိပေးတာမျိုး
လုပ်လာနိုင်တယ်။
ဒီအချိန်မျိုးမှာ သင့်ရဲ့ ယုံကြည်မှုကပဲ
အောင်မြင်မှုဆီ (သို့မဟုတ်)
ပိတ်ဆို့မှုဆီ လမ်းခင်းပေးလိမ့်မယ်"

Marsha Sinetar,

Writer



"လူတချို့ကသာ
အလင်းရောင်ကို တွေ့လိုက်ချိန်မှာ
သူတို့ရဲ့ လမ်းကြောင်းကို
ပြောင်းလိုက်ကြပေမယ့်
ကျန်တဲ့သူတွေကတော့
အပူနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးမိချိန်ကျမှ
လမ်းကြောင်းပြောင်းကြတယ်"

Caroline Schroeder,

Writer



"ပြောင်းလဲမှုကို
လက်မခံတဲ့သူဟာ
ဆုတ်ယုတ်ပျက်စီးမှုအတွက်
ပုံစံထုတ်နေသူနဲ့ တူပါတယ်။
တိုးတက်မှုကို
လက်မခံတဲ့ တစ်ခုတည်းသော
လူ့အဖွဲ့အစည်းဟာ
သင်္ချိုင်းမှာပဲရှိတယ်"

Barry Farber,
Writer



အောင်မြင်ခြင်းဟာ အလုပ်တွေ အများကြီးလုပ်ဖို့ တောင်းဆိုတယ်။ အောင်မြင်မှုရတဲ့အတွက် ပျော်ဖို့ ကောင်းတယ်။ ဒါပေမဲ့ အောင်မြင်မှု ရပြီဆိုရင်လည်း အလုပ်တွေ ဆက်လုပ်ဖို့လိုတယ်။ သင်ရပ်လို့ မရနိုင်ဘူး။ အကြောင်းကတော့ သင် ရပ်လိုက်ရင် တစ်ယောက်ယောက်က သင့်ကို ကျော်တက်သွားမှာ ဖြစ်လို့ပဲ။

**ဘာဘရာ ဝေါလာ ဘရက်ဖို့(၁၉၃၃)**

***(အောင်မြင်မှုနဲ့ ပတ်သက်သော စဉ်းစားချက်များ)စာအုပ်မှ***




ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်ခြင်း မရှိဘဲ ထိပ်ဆုံးရောက်သွားတဲ့သူကို ကျွန်တော် မတွေ့ဖူးဘူး။ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ် လုပ်ကိုင်မှုဟာ အောင်မြင်မှုအတွက် ဖော်မြူလာပဲ။ ကြိုးစားအားထုတ်မှုက သင့်ကို ထိပ်ဆုံးအထိ အမြဲတမ်း ခေါ်သွားနိုင်ချင်မှ ခေါ်သွားနိုင်လိမ့်မယ်။ ဒါပေမဲ့ ထိပ်ဆုံးနားအထိ ရောက်အောင်တော့ ခေါ်သွားနိုင်တာ သေချာတယ်။

**မာဂရက်သက်ချာ(၁၉၂၅-)**

**ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်သူသည် ရွှေရသည်။**

**စကားပုံ**



ဆုလာဘ်မတိုင်မီ
အလုပ်ကအရင်လာတယ်။
စိုက်ပျိုးမှုက
ရိတ်သိမ်းမှုရှေ့ကလာတယ်လေ။
ပျော်ရွှင်မှုကို မရိတ်သိမ်းခင်မှာ
မျက်ရည်ပင်တွေ စိုက်ပျိုးရစမြဲ။

ရုပ်လိပ်ရင်ဆာမ်



အောင်မြင်မှုဆိုတာ
ပြင်းပြင်းထန်ထန်
ကြိုးစားအားထုတ်
လုပ်ကိုင်မှုကြောင့်ရလာတဲ့
ဆုလာဘ်ဖြစ်တယ်ဆိုတာ
ဘယ်တော့မှ မမေ့ပါနဲ့။

**ဆိုဖိုကလိစ်(ဘီစီ ၄၉၆-၄၀၆)**





အကောင်းဘက်က
တွေးခြင်းဟာ
စီးပွားရေးလုပ်ငန်းမှာဖြစ်စေ၊
ပညာရေးလုပ်ငန်းမှာဖြစ်စေ၊
ဆုကြေးစားဘောလုံးနယ်ပယ်မှာဖြစ်စေ၊
ဘယ်နယ်ပယ်မှာပဲဖြစ်စေ
အောင်မြင်မှုအတွက်
သော့ချက် ဖြစ်ပါတယ်။

ရှန်ဂျူဝေါလ်ကီး



# ကြိုတင်မြော်မြင်မှု

ကြိုတင် မြော်မြင်တယ်ဆိုတာ အနာဂတ်မှာ ဖြစ်လာနိုင် ခြေရှိတာတွေကို ကြိုတင်တွေးဆထားခြင်းလို့ ပြောနိုင်ပါတယ်။ ရေရှည်ကို ကြည့်တာပါ။ ဒါ လိုအပ်ပါတယ်။ ကိုယ့်ရဲ့ စိတ်ကူး စိတ်သန်းတွေကို ချမှတ်ထားတာ အကောင်းဆုံးပေါ့။



"စစ်မှန်တဲ့ပညာမှာ
မျက်မှောက်ဖြစ်ပျက်နေတာကို
ကြည့်ရုံနဲ့ မပြီးဘူး။
နောက်ထပ်
ဘာဖြစ်လာနိုင်သလဲဆိုတာကိုပါ
ကြိုတင်မြင်နိုင်မှ
ပြည့်စုံတာ"

Terence,
Roman Dramatist



"ကျုပ်တို့ ဘယ်မှာရပ်တည်ရမယ်၊
ဘာအတွက် ရပ်တည်ရမယ်ဆိုတာတော့
ရှင်းရှင်းလင်းလင်း
အသိပေးထားပါ။
ဟုတ်တယ်လေ။
ကျုပ်တို့ တစ်ခုခုအတွက် ရပ်ရမယ်။
တစ်ခုခုနောက်ကို လိုက်ကြရမှာမို့ပါ။
Peter Marshall,
U.S. Religious Leader



"မှန်ကန်တဲ့
အမြင်ရှိသူတစ်ယောက်အတွက်ဆိုရင်တော့
သူ့ကို ကျွန်တော်
ကမ္ဘာမှာရှိတဲ့
ကြွယ်ဝမှုအားလုံးနဲ့
သူ့ရဲ့ကောင်းအားလုံးရဲ့
နှလုံးသားတွေကို
ပေးနိုင်ပါလိမ့်မယ်"


Henry David Thoreau,

Essayist



"ပြတ်သားတဲ့ အမြင်ရှိသူတစ်ယောက်တာ
ဘယ်လို မြင့်မားတဲ့
မျှော်လင့်ချက်ပဲဖြစ်ဖြစ်
အကောင်အထည်ပေါ်လာအောင်
လုပ်နိုင်တယ်။
ဘယ်လိုကြီးမားတဲ့
စီးပွားလုပ်ငန်းပဲဖြစ်ဖြစ်
တာဝန်ယူနိုင်တယ်။"

Woodrow Wilson,
U.S. Pressident



"အမြင်ဆိုတဲ့ အဓိပ္ပါယ်တစ်ခုတည်း မဟုတ်ဘူး၊
အချို့သော အကြံဉာဏ်တွေကို
ခေါင်းညိတ် ခေါင်းခါ လုပ်နိုင်တယ်။
လူတွေကို တက်ကြွစေနိုင်တယ်။
မနက်စောစော အိပ်ရာကထပြီးသွားစေတဲ့
အကြောင်းရင်းလည်း ဖြစ်တယ်။

Giffod Pinchot III,

Management Consultant

မိတ်ဆွေစာပေ



"သင့်ရဲ့
စိတ်ကူးပန်းချီကားများနဲ့
အိပ်မက်များကို
သင့်ရင်သွေးငယ်များကဲ့သို့
စောင့်ရှောက်ပါ။
သင့်အထက်အရာရှိထံ တင်ပြမယ့်
လုပ်ငန်းအပြီးသတ် အစီရင်ခံစာကဲ့သို့ မြတ်နိုးပါ"

Napoleon Hill,
Author



"ကိုယ့်အိပ်မက်တွေကို
မလွှတ်တမ်း ဆုပ်ကိုင်ထားကြပါ။
အိပ်မက်တွေသာ
သေဆုံးသွားမယ်ဆိုရင်
ဘဝဟာလည်း
အတောင်ကျိုးတဲ့ငှက်လို
မပျံနိုင်ဘဲ ဖြစ်သွားလိမ့်မယ်။

Langston Hughes,
Poet and Writer



သင် တစ်နေ့ (၁၇) နာရီ အလုပ်လုပ်သလား
မလုပ်ဘူးလားဆိုတာက အရေးမကြီးပါဘူး။
သင် တစ်နေ့ရာကို ရောက်ချင်တယ်ဆိုရင်
သင် အဲဒီနေ့ရာကို ရောက်မှာပဲ ဖြစ်ပါတယ်။
အကြောင်းကတော့ သင်ဟာ
အပြုသဘောဆောင်တဲ့ စိတ်ဓာတ်ရှိသူဖြစ်လို့ပါပဲ။
သင် အောင်မြင်မှာ သေချာပါတယ်။

**စေါ်ဗ်အိုပက်(၁၉၅၅)**




အကောင်းမြင်စိတ်ဆိုတာ
အောင်မြင်ပြီးမြောက်မှုဆီသို့
ဦးတည်သွားတဲ့
ယုံကြည်အားထားမှု ဖြစ်ပါတယ်။
မျှော်လင့်ချက်နဲ့
ယုံကြည်မှုမရှိဘဲ
သင် ဘာကိုမှ
ပြီးမြောက်အောင်မြင်နိုင်မှာ မဟုတ်ပါ။

**ဟယ်လင်ကဲလား(၁၈၈၀-၁၉၆၈)**



အောင်မြင်မှုဟာ
သူ့အလိုလို ရောက်လာတာလို့
ကျွန်တော် တစ်ခါတစ်ရံ
ပြောလေ့ရှိတယ်။
အဲဒီ မမှန်ပါဘူး။
တကယ်တော့ အောင်မြင်မှုဟာ သင်တောင်းလို့
သင့်ဆီ
ရောက်လာတာသာ ဖြစ်ပါတယ်။

**လျူးဂရိတ်(၁၉၀၆-၁၉၉၈)**



တစ်ခုခုကို လုပ်ဖို့
ကျွန်တော် ဆုံးဖြတ်တော့မယ်ဆိုရင်
အောင်မြင်တဲ့အထိ လုပ်မှာလားဆိုတာ
သေချာအောင် ကိုယ့်ကိုယ်ကိုယ်
စစ်မေးပြီးမှ ဆုံးဖြတ်တယ်။
အောင်မြင်မှုကို အမှန်တကယ်
လိုချင်တာဆိုရင်
ပုန်းမြည်လာတာကို စောင့်မနေပါနဲ့။
ပုန်းကို သင်ကစပြီး ဆက်ပါ။

လျူးဂရိတ်(၁၉၀၆-၁၉၉၈)




အောင်မြင်မှုဆိုတာ တစ်စုံတစ်ယောက်ရဲ့ စည်းမျဉ်း စည်းကမ်းတွေ ဒါမှမဟုတ် အကြံပေးချက်တွေနောက်ကို မျက်မမြင်တစ်ယောက်လို ကျွန်တစ်ယောက်လို လိုက်လုပ်ရာကနေ ထွက်ပေါ်လာတဲ့ အရာမျိုး မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စည်းမျဉ်းနဲ့ အကြံဉာဏ်တွေက တခြားဘယ်သူမဆိုရဲ့ စည်းမျဉ်းတွေ အကြံဉာဏ်တွေထက် ပိုကောင်းတယ်။

**ဝီလျံ ဒဗလျူ အက်ကင်ဆန်**



အောင်မြင်မှုဆီသို့ လျှောက်လှမ်းရာမှာ ခမ်းနားကြီး ကျယ်တဲ့ လမ်းမရှိဘူး။ စည်းမျဉ်းတွေ၊ အကြံပေး ချက်တွေက အကြီးအကျယ် အထောက်အကူပြုနိုင် တာ မှန်ပါတယ်။ ဒါပေမဲ့ အောင်မြင်ဖို့အတွက် တကယ်လုပ်ရမှာက အောင်မြင်လိုသူ ကိုယ်တိုင်ပါ။ လူဟာ ကိုယ့်ပန်းတိုင်ကို ကိုယ်ကိုယ်တိုင် ထုဆစ် ရမှာဖြစ်တယ်။

**ဝီလျံ ဒဗလျူ၊ အတ်ကင်ဆန်**



# ပြောပြချင်တာက

လူ့ဘဝဆိုတာ အချိန်အတိုင်းအတာတစ်ခုကုန်ဆုံးသွားတာနဲ့ တစ်ပြိုင်နက် ဒီလောကမှာလျော့ပါး ပျောက်ကွယ်သွားရစမြဲပါ။

အဲဒီ့လိုစီးဆင်းရွေ့မျောနေတာကို သတိမမူမိလို့ပဲဖြစ်ဖြစ် အမှတ်မထားခဲ့ မိလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သိသိကြီးနဲ့ ဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ဘဝတွေပျောက်ကွယ်သွားမှာကိုဟန်ဆောင်နေရတာ ရှုးချင်ယောင်ဆောင်နေရတာ...အင်မတန်မှခက်ခဲပါတယ်။

ရှင်သန်နေထိုင်စဉ်မှာ ဘယ်အခါမှ မကုန်ဆုံးနိုင်သေး

တဲ့ ဘဝရဲ့နေ့ရက်များဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံးရေးနေကြရတဲ့ လူတွေကိုမျှဝေချင်တာပါ...။

ကုန်ဆုံးပျောက်ကွယ်မသွားကြသေးခင် ရှောင်လွှဲမရတဲ့ ဒုက္ခအပေါင်းကို ရင်ဆိုင်ကျော်ဖြတ် နေကြရတုံးမှာ မိမိတို့ရဲ့ စိတ်ထားလေးတွေ၊ မိမိတို့ရဲ့ အသိဉာဏ်လေးတွေ၊ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုလေးတွေ မှန်ကန်စေဖို့ အကြံပေးချင်တာပါ။

ဒီကမ္ဘာလောကကြီးထဲကို အကြောင်းအမျိုးမျိုးနဲ့ရောက်ရှိလာပြီး လူသားတို့ရဲ့ ကောင်းကျိုးတစ်ခုခုကို ဆောင်ရွက်ခဲ့ပါလားဆိုတဲ့ အမှတ်အသားလေးတစ်ခုခု ချန်ထားခဲ့နိုင်လျှင် ပိုပြီးကောင်းမွန်ပါလိမ့်မယ်။

လူသားဘဝကိုရတဲ့ တခဏမှာ လူသားဘဝပီပြင်ရန် ပြုမူဆောင်ရွက်နေထိုင်ဖို့၊ မှန်ကန်စွာ ရွှေ့လျား ရုန်းကန်ဖို့ စာနာစွာစီးမျှောဖို့၊ ကြည်လင်ပျော်ရွှင်ငြိမ်းချမ်းစွာ နစ်မျောဖို့၊ အသိရှိစွာ သတိရှိစွာနဲ့ လူလောက ကမ္ဘာမြေပေါ်မှာ ရပ်တည်ဖို့ ကျွန်တော် မှတ်သားဖတ်ထားတဲ့ စာပေလေးတွေနဲ့ အင်တာနက် ဖေ့(စ်)ဘုတ်ပေါ်က အကြောင်းအရာ လေးများကို မျှဝေတာပါ။

ဖေ့(စ်)ဘုတ်ပေါ်တင်တဲ့ သူများကိုရော မူရင်းရေးသားသူ စာရေးဆရာများကိုရော ခွင့်ပန်ချင်တာက သီခြားရှာဖွေ

ဖတ်ရှုနေကြမယ့် အစား မိမိတို့ ရေးသားတင်ပြလိုက်ရတဲ့ စာစုလေးတွေကို လူသားအကျိုးပြုဖို့ ထပ်မံဝေမျှပေးနေခြင်းဖြစ်ပါတယ်.. လို့.. ဆိုတဲ့ အသိလေးနဲ့ ခွင့်ပြုပေးစေချင်ပါတယ်။

ကမ္ဘာလောကကြီးထဲကိုရောက်လာတဲ့ တစ်ခဏဘဝလေးမှာ ကောင်းမွန်ပြည့်စုံစွာ စိတ်ချမ်းမြေ့ကြည်နူးစွာနဲ့ လူသားတွေအားလုံး ရှင်သန်ရပ်တည်နိုင်ကြဖို့ ကျွန်တော်တို့သိသလောက် တတ်သလောက် မှတ်သလောက်နဲ့ ဝိုင်းဝန်းကူညီပေးခြင်းဖြင့် အကျိုးပြုလိုက်ကြပါစို့....။

လူသားအားလုံး လိုအင်ဆန္ဒပြည့်ဝကြပါစေ။

* * * * *


ဘာမှမဖြစ်သေးခင် ဖြစ်မှာမဟုတ်ဘူးလို့
လက်လျော့ရပ်တန့်လိုက်ရင်တော့
ခင်ဗျားထင်တဲ့အတိုင်းဖြစ်မှာပါပဲ...
တစ်မျက်နှာ
လက်ဆောင်
လောကသစ္စာ
ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၁)၊ ဘုရင့်နောင်လမ်း၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃